


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော် ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# အသက်ကြီးသူများအတွက် နိဗ္ဗာန်ရောက်ကြောင်းနှစ်မျိုး

(မာလုကျပုတ္တ)

၁၁၃

(၉၊၁၊၆၁)

ကျေးလူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# အသက်ကြီးသူများအတွက်

# နိဗ္ဗာန်ရောက်ကြောင်းနှစ်မျိုး

# (မာလုကျပုတ္တ)

(၉-၁-၆၁)

စာမူခွင့်ပြုချက် အမှတ် - ၅၆၇/၂၀၀၀ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၉၁/၂၀၀၀ (၈)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၀ ခု၊ စက်တင်ဘာလ
တန်ဖိုး - (      )

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# အသက်ကြီးသူများအတွက် နိဗ္ဗာန်ရောက်ကြောင်းနှစ်မျိုး

(ဓာလုကျုပ္ပတ္တ)

(၉-၁-၆၁)

ဒကာဒကာမတို့ ဒီခန္ဓာကိုယ်ကြီးဟာက ရောက်ရာ မှာ နိုပ်စက်လိမ့်မယ်ဆိုတာ မှတ်ထားရမယ် (မှန်လှပါဘုရား)။

ဒီခန္ဓာကိုယ်ကြီးဖြင့် ဘယ်ရောက်လို့ရှိရင်ဖြင့် အကောင်းအမွန်ဖြစ်ပါ့မလဲလို့ ဘယ်အခါကာလမှ မတွေးကြနဲ့၊ ဒီခန္ဓာကိုယ်ကြီးဘယ်ရောက်ရောက် ကောင်းကောင်း မွန်မွန်နဲ့ဖြစ်ပါ့မလားဆိုတာ မတွေးပါနဲ့။

## ဘယ်ခန္ဓာရရ ဇရာ၊ မရဏပါတယ်

ဘာ့ကြောင့်မတွေးပါနဲ့လို့ မေးရသတုံးဆိုလို့ရှိရင် ခန္ဓာကိုယ်က အမေ့ဝမ်းထဲကတည်းက အမေ့ဝမ်းထဲက ပြင်ဘက်ထွက်လာကတည်းက ဇရာ၊ မရဏ ခေါင်းပေါ်မှာ ရွက်ပြီးမွေးလာခဲ့ရတယ်။

ဇရာမရဏခေါင်းပေါ်ရွက်ပြီး မွေးလာခဲ့ရတော့ နတ်ကလေးမွေးဖွားလာလည်း ဇရာ၊ မရဏပါမှာပဲ၊ ဗြဟ္မာမွေးဖွားလာတယ်ဆိုရင်ကော . . . (ဇရာ မရဏ ပါပါတယ်) ဇရာ၊ မရဏပါမှာချည်းဖြစ်နေတော့ ဩော် . . . သူမပါတဲ့နေရာမှ မရှိလို့ရှိရင်ဖြင့် ဒီခန္ဓာဟာ ဘယ်ခန္ဓာဖြစ်ရလို့မှ ကောင်းလိမ့်မယ်၊ မွန်လိမ့်မယ်၊ မြတ်လိမ့်မယ်၊ ဒကာကြွယ်တို့ ဦးလှဘူးတို့ မတွေးနဲ့တော့။

သူ့မွေးဖွားလာတယ်ဆိုကတည်းက သူ့ခေါင်းပေါ် ဘာပါလာလဲ. . . (ဇရာ၊ မရဏ ပါလာပါတယ်) ဇရာ၊ မရဏပါတယ်၊ အိုရမယ်၊ သေရမယ်ဆိုတော့ ထောင်သားများမှာ မင်းဘယ်နှနှစ်ကျဆိုတဲ့ လည်ပင်းကွင်းနဲ့ တံဆိပ်ရိုက်သလို (မှန်ပ့ါ) မင်းဒါမှတ်ဆိုတဲ့ ဒုက္ခခံရမယ်ဆိုတဲ့ လည်ပင်းကွင်းကြီးနဲ့ တံဆိပ်ရိုက် ပြီးပါခဲ့သလို ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြီးမှာလဲတဲ့ မင်းမရဏ ပြည်ရောက်လာပြီလား၊ ရောက်လာလို့ရှိရင် အိုရမယ်၊ သေရမယ်ဆိုတာ ခေါင်းပေါ်မှာပါပြီးသားဖြစ်နေတယ်။

ဘာတွေ့တွေ့ ခေါင်းပေါ်မှာ ပါပြီးသားဖြစ်ပြီး သကာလနေသောကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်ခန္ဓာဖြစ်ရင်ဖြင့်ကောင်းလိမ့်မယ်ဆိုတဲ့စိတ်ကို ဘယ်ခါ ကာလမှ မဥပါဒ်ဘဲနဲ့ ခန္ဓာဇာတ်သိမ်း ငြိမ်းရာသာ ကောင်းတယ် ဆိုတာကိုဖြင့် အမြဲစဉ်းစားထားပါလို့ဆိုတာ သတိပေး ရတယ်။

## ခန္ဓာဇာတ်သိမ်းငြိမ်းမှကောင်းတယ်

ခန္ဓာဇာတ်သိမ်းငြိမ်းမှသာ ကောင်းတယ်ဆိုတာ အမြဲ စိတ်ထားရမယ်နော်၊ မသိသေးခင်ကတော့ ဩော်. . . လူ ဘဝဆင်းရဲတယ်၊ နတ်ဘဝကောင်းတယ်ဆိုတော့ ဒီဘဝ ဒုက္ခ သစ္စာ၊ နတ်က သုခသစ္စာလို့ ထင်ရတာပေါ့ဗျာ။

ထင်ပင်ထင်ရပြားသော်လည်း ဇရာ၊ မရဏ ခေါင်း ဆောင်းပြီး မွေးလာရတယ်ဆိုတော့ ထူးသေးရဲ့လား . . . (မထူးပါဘုရား)။

အဲဒါ မထူးတာကိုဖြင့် ဒကာ ဒကာမတွေက တဏှာ က မြှောက်တာနဲ့ အထူးလုပ်မနေပါနဲ့ဆိုတာပြောလိုက်တယ် (မှန်ပါ့) တဏှာက မြှောက်လို့ အထူးလုပ်မနေနဲ့ (မှန်လှပါ)။

ဒီက မြှောက်လားပင့်လားလုပ်ထားတော့ တဏှာက ပါသကိုး (မှန်လှပါဘုရား) သူက ထူးတာနဲ့ ခင်ဗျားတို့က ဉာဏ်တိမ်ပြီးသကာလ မထူးလိုက်ပါနဲ့။

ဘုရားဟောတော်မူတာနဲ့ ဆရာသမားက ဘုရားဟောမူတဲ့နည်းအတိုင်း အမြင်ကို ပြောပြီးသကာလနေတာကိုသာ အတည်ပြုပြီးသကာလ မှတ်တမ်းယူပါ (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်ခန္ဓာဖြစ်ဖြစ် ဇရာ၊ မရဏာ ခေါင်းဆောင်းပြီးနေလာခဲ့ရတယ်ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

အဲဒီသေချာတာကို သိလို့ရှိရင်ဖြင့် ဪ. . . မသိသေးတဲ့ပုဂ္ဂိုလ်များကဖြင့် လူ့ဘဝကောင်းနိုးနိုး၊ နတ်ဘဝကောင်းနိုးနိုး၊ ပြဟ္မာ့ဘဝကောင်းနိုးနိုး၊ နိုးနိုးသာထင်လိုက်ရတယ်၊ မြတ်စွာဘုရား ဘယ်ခါမှမစွန့်တဲ့ပါဠိတော်ထောက်ကြည့်တော့

**သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ၊**

ဟော ခန္ဓာငါးပါးက ဘာတွေတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

## ခန္ဓာငါးပါးဒုက္ခသစ္စာ

ခန္ဓာငါးပါးဒုက္ခသစ္စာလို့ဟောထားကတည်းက ဪ ဇရာ၊ မရဏာကြောင့် ဟောပေတာပဲ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ (ဇရာ၊ မရဏာကြောင့်ဟောခဲ့တာပါ)။

ဇရာ မရဏာကြောင့် ဟောပေတာပဲဆိုတော့ ဘုရား

ထက် သူများပြောတာကို ခင်ဗျားတို့က ဒကာသစ်တို့က ယုံစရာမလိုပါဘူး (မလိုပါဘူးဘုရား)။

သံခိတ္တေန-အကျဉ်းအားဖြင့် ငါပြောရလို့ရှိရင်၊ ပဉ္စုပါဒါနက္ခန္ဓာ-ဥပါဒါနက္ခန္ဓာတို့သည် ဒုက္ခာ-ဒုက္ခသစ္စာတို့ချည်းပဲ။

ဒုက္ခသစ္စာတွေချည်းပဲလို့ ဟောထားသောကြောင့် ဦးဘအုန်းတို့က ဘာများကြက်တွန့်တက်ချင်သေးသလဲ. . . (မတက်ချင်ပါဘုရား)။

မတက်ပါနဲ့တော့တဲ့ "အဋ္ဌေဇ္ဇဝစနာ ဗုဒ္ဓါ"ဆိုတဲ့အတိုင်း နှစ်ခွန်းမပြောထားနဲ့ တစ်ခွန်းနဲ့အမှန်ပြောတဲ့ကိုယ်တော်ကြီးစကားကို ကျုပ်တို့အတည်ပြုလိုက်ပါ (မှန်လှပါဘုရား)။

## မသိတာက ကိုယ့်ဉာဏ်မမီလို့

ကိုယ်မသိချင်နေ အတည်ပြုလိုက်ပါ၊ သိတာ မသိတာကတော့ ကိုယ့်ဉာဏ် မမီတာ၊ မီတာရှိလိမ့်ဦးမယ် (မှန်လှပါဘုရား)။

ဘုရားကတော့ သဗ္ဗံ ဇာနာတီတိ သဗ္ဗညူ ဆိုတဲ့အတိုင်း အလုံးစုံအကုန်သိပြီးသကာလနေတဲ့ ကိုယ်တော်ကြီးဖြစ်ပြီးသကာလနေတော့ သူသိတာသာ ဒို့လိုက်ပါ့မယ်။

ဒို့ဟာကတော့ မွေးကတည်းက စုံလုံးကန်းမွေးလာ

တာ၊ ဘာမှ ဒို့ကဆင်ခြေတက်နေစရာမလိုဘူးလို့သာ ဆုံးဖြတ်ချက်ချပြီးသကာလ ဘယ်ခန္ဓာမှ ဒုက္ခသစ္စာလွတ်တာ မရှိဘူးလို့ ဆုံးဖြတ်ချက်ချလိုက် (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါပြီ)။

## ခန္ဓာဖြစ်ကြောင်း ကုန်အောင်လုပ်ပါ

ဒါဖြင့် အားလုံး ဒကာ ဒကာမတို့ ဒီခန္ဓာမသိမ်းသရွေ့ ကာလပတ်လုံး ဒုက္ခမသိမ်း (မှန်ပါ့) ဒီခန္ဓာမသိမ်းသရွေ့ ကာလပတ်လုံး (ဒုက္ခမသိမ်းပါဘုရား)။

ဒါဖြင့် ဒုက္ခသိမ်းချင်လို့ရှိရင် ခန္ဓာသိမ်းရလိမ့်မယ် (မှန်လှပါဘုရား) ခန္ဓာသိမ်းချင်လို့ရှိရင် ခန္ဓာဖြစ်ကြောင်း **ကုန်အောင် လုပ်ရလိမ့်မယ်၊ ခန္ဓာသိမ်းချင်ရင်** (ခန္ဓာဖြစ်ကြောင်း ကုန်အောင်လုပ်ရပါ့မယ်ဘုရား)။

ခန္ဓာဖြစ်ကြောင်းကုန်အောင်လုပ်ရလိမ့်မယ်။

အဲဒါဖြင့် ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာဖြစ်ကြောင်းက သမုဒယသစ္စာ၊ သဘောကျပလား (ကျပါပြီ) ခန္ဓာက (ဒုက္ခသစ္စာပါဘုရား) ခန္ဓာဖြစ်ကြောင်းက . . . (သမုဒယသစ္စာပါဘုရား)။

## အကြောင်းတရားသိမ်းလိုက်ရင်ပြီးတယ်

ခန္ဓာသိမ်းချင်လို့ရှိရင်ဖြင့် အကျိုးတရားမသိမ်းဘဲနဲ့ အကြောင်းတရားသိမ်းလိုက်ရင် ပြီးသွားတာပဲ (မှန်လှပါဘုရား) အကျိုးတရားမသိမ်းဘဲနဲ့ . . . (အကြောင်းတရားသိမ်းလိုက်ရင်ပြီးပါတယ်ဘုရား) အကြောင်းတရားသိမ်းလိုက်ရင် ဒကာကြွယ် ပြီးသွားတာပဲ။

ကိုင်း-ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယခုသွားကျိုး၊ ဆံဖြူ ငယ်မူတွေပျောက်ပြီး သကာလ ရှေ့သားသမီးမုန်း၊ အများမုန်း သုသာန်ရောက်ဆိုတာသာ ကျန်တော့တယ် (မှန်လှပါဘုရား)။

## သားသမီးမုန်းအများမုန်းတော့မယ်

သားသမီးတွေကလည်း မုန်းတော့မယ်၊ အများကလည်း မုန်းတော့မယ်၊ ဒီစခန်းချည်းသွားနေတာက ခန္ဓာလမ်းစဉ်၊ ဒီစခန်းသွားတာက . . . (ခန္ဓာ့လမ်းစဉ်ပါဘုရား)။

အဲဒါ ခန္ဓာ့လမ်းစဉ်ကို လိုက်နေလို့ရှိရင် အရှက်တကွဲ အကျိုးနည်းလမ်းသာ မှတ်လိုက်တာပေါ့၊ ခန္ဓာ့လမ်းစဉ်က ဘာပါလိမ့်၊ (အရှက်တကွဲ အကျိုးနည်းလမ်းပါဘုရား)၊ ကိုယ့်အဝတ်မှ ကိုယ်မဖုံးနိုင်တဲ့ဗျာဓိဒုက္ခကြီး လာဦးမှာကိုး (မှန်ပ့ါ) ရွာထဲက မောင်းနှင်ပြီး ထမ်းထုတ်တဲ့ မရဏဒုက္ခကြီးဟာ

---

(လာမှာပဲ)။

ရွာထဲက မောင်းနှင်ပြီးထမ်းထုတ်တဲ့ မရဏဒုက္ခကြီး ဟာ (လာမှာပဲ) အသုဘဖြစ်တော့ ထုတ်ကြဦးမှာကိုးဗျ။

ဩော်-ဒါဖြင့် ခန္ဓာ့လမ်းစဉ်ကဖြင့် ဘယ်ခန္ဓာရရ၊ ဒီ လမ်းနဲ့ ဒီစခန်း မလွဲတမ်းသွားမယ်ဆိုတာ ဒကာ ဒကာမတွေ တစ်ထစ်ချ မှတ်ထားလိုက်စမ်းပါ (မှတ်ဖို့ပါဘုရား)။

ခန္ဓာ ဘာသစ္စာ . . . (ဒုက္ခသစ္စာ)၊ ခန္ဓာဖြစ်ကြောင်း (သမုဒယသစ္စာပါဘုရား) အင်း-သမုဒယသစ္စာဖြတ်လိုက်လို့ ရှိရင် ခန္ဓာဖြစ်ပါဦးမလား (မဖြစ်တော့ပါဘုရား)။

ဒါဖြင့် စဉ်းစားကြည့်ပါလား ဒကာ ဒကာမတို့က ဩော်-ဖြတ်တဲ့ပုဂ္ဂိုလ်ဟာ အခု ဒကာသစ်က သမုဒယသစ္စာ ဖြတ်လိုက်တယ်၊ အခု ဒကာကြွယ်တို့ ဦးလှဘူးတို့က သမုဒယ သစ္စာဖြတ်လိုက်တော့ သမုဒယသစ္စာဖြတ်တဲ့ပုဂ္ဂိုလ်ဟာ နောက်ခန္ဓာမလာတော့ဘူး (မှန်လှပါဘုရား)။

ဒါဖြင့် ဒီဉာဏ်သမားတွေဟာဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန် သွားတဲ့ဉာဏ်သမားပေါ့ (မှန်လှပါဘုရား) နိဗ္ဗာန်သွားတဲ့ ဉာဏ်သမားဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

## နိဗ္ဗာန်သွားတဲ့ဉာဏ်သမားဖြစ်အောင်လုပ်ပါ

အဲ-နိဗ္ဗာန်သွားတဲ့ဉာဏ်သမားဖြစ်အောင် ဒကာ ကြွယ် လုပ်ပါဗျ (မှန်ပါ့ဘုရား) ခန္ဓာ့စိတ် အမျိုးမျိုး အဆင်း

အမျိုးမျိုး အကျင့်အမျိုးမျိုးနဲ့ ဒကာကြွယ် ကြော်ငြာထုတ်နေလို့ နိဗ္ဗာန်ရောက်မှာမဟုတ်ပါဘူး (မရောက်ပါဘုရား) ရောက်ပါ့မလား (မရောက်ပါဘူး)။

မရောက်ပါဘူး၊ လောကီစီးပွားရေး၊ ကြီးပွားရုံမျှ တစ်ပါး ဒကာသစ် ဘာရှိသေးသလဲ (ဘာမှမရှိပါဘုရား)။

အဲဒါ နိဗ္ဗာန်ဖြစ်ကြောင်းကို ကောင်းကောင်းသိတဲ့ ပုဂ္ဂိုလ်ထဲအပါအဝင်ဖြစ်အောင် ဒကာ ဒကာမတွေ လုပ်ပါလို့ ဆိုတာ သတိပေးလိုက်တယ်နော်။

နိဗ္ဗာန်ဖြစ်ကြောင်း ကောင်းကောင်း မဂ္ဂင်ဖြင့် သမုဒယဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်မှ လူစွမ်းကောင်းကိုးဗျ (မှန်လှပါဘုရား) နိဗ္ဗာန်ဖြစ်ကြောင်း ကောင်းကောင်းမဂ္ဂင်ဖြင့် သမုဒယဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်မှ (လူစွမ်းကောင်းပါဘုရား)။

## မဂ္ဂသစ္စာကိန်းတဲ့ပုဂ္ဂိုလ်ဖြစ်ပါစေ

နိဗ္ဗာန်ရောက်ကြောင်းကိုကောင်းကောင်း သမုဒယဖြတ်နိုင်တဲ့ မဂ္ဂသစ္စာကိန်းအောင်းရာ ပုဂ္ဂိုလ်ဖြစ်ပါမှ ဦးဘအုန်းရ နေရာကျမယ်၊ အကောင်းစားဖြစ်မယ်နော် (မှန်လှပါဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက (၄၅)ဝါ ကာလပတ်လုံး နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း

အဖြစ်ကို နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့အလုပ်တွေချည်းပဲ ဟောသွားတယ်။

တချို့ကျတော့လည်း သုဂတိရောက်ကြောင်းပဲ ဟောသွားတယ်၊ ဒါဘုရားအပြစ်မတင်ကြပါနဲ့လို့ ဘုန်းကြီးတို့က ဒကာ ဒကာမတွေကို တောင်းပန်ရတယ်။

နိဗ္ဗာန်ရောက်ကြောင်းမှ နားမထောင်နိုင်တဲ့ပုဂ္ဂိုလ်ကို သုဂတိပို့ခဲ့ရတယ် (မှန်လှပါဘုရား)။

နိဗ္ဗာန်ရောက်ကြောင်း နားထောင်နိုင်တဲ့ပုဂ္ဂိုလ်ကျတော့ နိဗ္ဗာန်ပို့ခဲ့ရတယ် (မှန်လှပါဘုရား)။

အားလုံး ဒကာ ဒကာမတွေက ဩော်. . . ပုဂ္ဂိုလ်အမျိုးမျိုးရှိလို့ ဘုရားရှေ့မှာဖြင့် အကောင်းချည်းဖြစ်တာကြည့်ချင်လို့ သုဂတိလည်းဟောသွားတာပဲ၊ ဗြဟ္မာပြည်လည်း . . . (ဟောပါတယ်ဘုရား) နိဗ္ဗာန်လည်း (ဟောပါတယ်ဘုရား)။

## အပါယ်သွားမည့်ပုဂ္ဂိုလ် သုဂတိပို့

ဟောသွားတာပဲဆိုတော့ ဟောတဲ့ပုဂ္ဂိုလ်ကတော့ဖြင့် မဟာကရုဏာရှိနေတော့ ဒကာသစ်ရေ အပါယ်သွားမည့်ပုဂ္ဂိုလ် သုဂတိပို့ခဲ့မှာပဲ သဘောကျပလား (ကျပါပြီ)။

အင်း-သုဂတိထက် ထိုက်တန်တဲ့ပုဂ္ဂိုလ်ကျပြန်တော့

ဗြဟ္မာ့ပြည်ပို့ခဲ့မှာပဲ၊ ဟာ-ဗြဟ္မာပြည်တောင်မှလည်း နေရာ မကျသေးပါဘူး ဗြဟ္မာထက်အထက်တန်းရောက်နိုင်တဲ့ ကိလေသာနည်းပါးတဲ့ပုဂ္ဂိုလ်ကျပြန်တော့လည်း သိတဲ့အတိုင်း ပဲ ကိလေသာချုပ်တဲ့ နိဗ္ဗာန်ပို့ဖို့ရာဟောမှာပဲ။

အဲတော့ ဘယ်ဟာမှ မပယ်နဲ့တဲ့ သုဂတိရောက် ကြောင်းကိုလည်း အချို့ကျဟောရပေမှာပဲ၊ ဗြဟ္မာပြည် ရောက်ကြောင်းကိုလည်း (အချို့ကျဟောရမှာပါဘုရား) အချို့ကျဟောရမှာပဲတဲ့၊ နိဗ္ဗာန်ရောက်ကြောင်းကော (ဟောရမှာပါဘုရား) ဒကာကြွယ် ပုဂ္ဂိုလ်ကအမျိုးမျိုးရှိနေ တာကိုးဗျ (မှန်လှပါဘုရား)။

## စဏ္ဍာလီ ဒကာမကြီး

အင်း- စဏ္ဍာလီ ဒကာမကြီးတို့လို ကျတော့လည်း အားလုံးပဲသိတဲ့အတိုင်း ဘုရားနဲ့ ရှင်သာရိပုတ္တရာ ဆွမ်းခံသွား တော့ စဏ္ဍာလီ ဒကာမကြီး တုန်တုန်ယင်ယင်နဲ့ ဘုရားရှေ့ ကန့်လန့် ကန့်လန့်လုပ်နေတယ် ကန့်လန့် ကန့်လန့်ဆိုတာ အိုလို့မသွားနိုင်တာ (မှန်လှပါဘုရား)။

ဘုရားသခင်တွေ့လိုက်တဲ့အခါကျတော့ ပြုံးတယ်၊ ရှင်မောဂ္ဂလာန်ကလည်းပြုံးတာကြည့်လိုက်တော့လည်း သိ တယ်၊ ဩော် ဟိုအနားကျ နွားဝှေ့သေတော့မှာပဲဆိုတာ သိတယ်။

အဲဒီနွားငှေ့သေမည့်ပုဂ္ဂိုလ်၊ သိနေတဲ့ပုဂ္ဂိုလ်ကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘယ့်နှယ်လုပ်ပြီး ဒီအချိန် မင်းခန္ဓာရှုဟဲ့၊ သစ္စာလေးပါးဆိုက်အောင်လုပ်ဟဲ့လို့ ပြောချိန်များ ဦးဘအုန်းရှိသေးရဲ့လား (မရှိပါဘုရား)။

ဒီဘုရားနဲ့ ဆွမ်းခံသွား၊ အခုတွေ့ပြီ ဟိုအနားတင် နွားငှေ့သေမှာကိုးဗျ၊ အဲဒါကျတော့ ခုနက နိဗ္ဗာန်ရောက်ကြောင်းဟောလို့ အချိန်မီသေးရဲ့လား (မမီပါဘုရား)။

## ဒကာမကြီး ဘုရားကို ဦးချရှိခိုးပါ

မမီတော့ ရှင်သာရိပုတ္တရာကလည်း ကဲ ဘာမှလည်း ဟောချိန်မရှိဘူး၊ ဘာမှလည်းပြောချိန်မရှိဘူး၊ သေရင်အပါယ်သွားမှာစိုးရတယ် ဘာမှလည်းမသိဘူး၊ ဒကာမကြီး ဘုရားဝတ်ချလိုက်စမ်း။

**ဗုဒ္ဓံ သရဏံ** ဂစ္ဆာမိ ဆိုလိုက်စမ်း၊ ဒါလောက်နဲ့ပဲ တင်းတိမ်ပြီးသကာလ သူ့အချိန်ကဒီလောက်ရတာကိုးဗျ (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ)။

သူ့အချိန်က ဒါလောက်ရတော့ သူ့အချိန်ပဲ ဗုဒ္ဓါနုဿတိပဲ ဟောလိုက်ရတယ် (မှန်လှပါဘုရား)။

ဒို့ပြင်သစ္စာလေးပါးဟောလို့ရသေးရဲ့လား (မရပါဘုရား) ဘာကြောင့်မဟောရပါလိမ့်မလဲလို့ ဘုန်းကြီးတို့ဒကာ

ဒကာမတွေက တွေးလုံးထုတ်ပါလား (အချိန်မရလို့ပါ) ဒါ အချိန်မရလို့ အချိန်ကမရလို့။

## သုဂတိတော့ပို့လိုက်တယ်

အချိန်ကမရတဲ့အပေါ်မှာ တုန်တုန်ယင်ယင်နဲ့ အသက်ကကြီးမှ သစ္စာလေးပါးဟောလို့လည်း ဒကာသစ် ဘယ်နှယ်လုပ်မလဲ (မရပါဘုရား)။

အသက်ကလည်းကြီးပြန် သေခါကလည်းနီးပြန် ဒီပုဂ္ဂိုလ်ကျတော့ ဘယ်လိုမှ မတတ်နိုင်တဲ့အတွက် ဒကာမကြီး ဘုရားရှိခိုးလိုက်၊ ဘုရားဦးတိုက်လိုက်၊ ရှင်သာရိပုတ္တရာက နောက်က တို့ရရှာတာပေါ့။

ဒါနဲ့ ရှိခိုးပြီးသကာလ ဟိုအနားကျတော့ နွားဝှေ့ သေတာပဲ၊ ဒီရှိခိုးတဲ့ကုသိုလ်လေးကြောင့် သုဂတိတော့ ရောက်သွားတယ် (မှန်လှပါဘုရား)။

ဒါကျတော့ မဟောသင့်ဘူးလား၊ ဟောသင့်သလား (ဟောသင့်ပါတယ်ဘုရား) သဘောကျပလား (ကျပါတယ်)။

ကိုင်း-ဒါဖြင့် ခုနက ဓနဉ္စာနီ ပုဏ္ဏားကြီးတို့ကျတော့ ကိုး ဘုရားက ရှင်သာရိပုတ္တရာကဟောလိုက်တယ်တဲ့

---

ဓနဉ္စာနီပုဏ္ဏားကြီးကျတော့ ဓနဉ္စာနီပုဏ္ဏားကြီးကျတော့ သေခါနီး ရှင်သာရိပုတ္တရာက သွားဟောတယ်။

## ဓနဥ္စာနိပုဏ္ဏား ဗြဟ္မာပြည်ပို့လိုက်တယ်

နတ်ပြည်ရောက်ကြောင်းကောင်းသလား နတ်ပြည်ထက် ဘယ်ပြည်ကောင်းသတုံး ဗြဟ္မာ့ပြည်ကောင်းတယ်ဆိုပြီး ဟောဟောသွားလို့ ဗြဟ္မာပြည်ရောက်လာတယ်။ ဗြဟ္မာပြည်ရောက်တဲ့တရားဟောပစ်ခဲ့လို့ ဗြဟ္မာပြည်ရောက်ကြောင်း ဟိုကနှလုံးသွင်းလိုက်လို့ ဗြဟ္မာပြည်ရောက်သွားတယ်။

ဓနဥ္စာနီပုဏ္ဏားကြီးကျတော့ အဲဒီကျတော့ ရှင်သာရိပုတ္တရာကြီး တရားဟောပြီး ဒကာကြွယ် ပြန်သွားတယ်နော်။

ပြန်သွားတော့ ဒီပုဏ္ဏားကြီးက စုတေစိတ်ကျတော့ ဗြဟ္မာပြည်ရောက်သွားတယ်၊ ဗြဟ္မာပြည်ရောက်ပြီးသွားတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ ရှင်သာရိပုတ္တရားကလည်း ဘုရားဆီသွားတော့ မင်းဘယ်ကပြန်ခဲ့သတုံး၊ ဓနဥ္စာနီပုဏ္ဏားကြီးတရားဟောခဲ့တယ်ဘုရား။

## မင်းတရားဟောညံ့တယ်တဲ့

ဘာတရားဟောခဲ့သတုံး ဗြဟ္မာပြည်ရောက်ကြောင်းဟောခဲ့တယ်ဘုရား၊ ဒါကြောင့် ဗြဟ္မာပြည်သူရောက်ကြောင်းနှလုံးသွင်းနေရစ်တယ်ဆိုတော့ ဘုရားက ဪ. . . မင်းတရားဟောညံ့တယ်။

နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ်မင်းကဗြဟ္မာပြည်ရောက်ကြောင်း မင်းကသွားပြီးသကာလဟောတယ်၊ သွားမင်းပြန်ဟောချေဦးဆိုပြီးသကာလ မင်းတရားဟောညံ့တယ်ဆိုလို့ ဗြဟ္မာပြည်လိုက်ဟောတော့ ရဟန္တာဖြစ်သေးတယ်။

ဒီပုဂ္ဂိုလ်ကျတော့လည်း မီတဲ့အလိုက်ပဲ၊ တင်လိုက်ရပြန်တယ်၊ သဘောကျပလား (ကျပါပြီ)။

အဲဒီမှာတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ အားလုံးပဲ သိအောင်ပဲ နားထောင်ပါ၊ နိဗ္ဗာန်ရောက်ကြောင်း တစ်ခုပဲ အဓိကထားနေတယ်ဆိုတာမှတ်တာပေါ့၊ ဘာအဓိကထားပါလိမ့် . . . (နိဗ္ဗာန်ရောက်ကြောင်းတစ်ခုတည်းကိုပါဘုရား)။

## နိဗ္ဗာန်ရောက်ကြောင်း အဓိကထားဟောတယ်

နိဗ္ဗာန်ရောက်ကြောင်း အဓိကထားပြီးသကာလနေတော့တယ်ဆိုတာ မှတ်ထားလိုက်တော့၊ ခုနက တရားချီးလိုက်ကတည်းက ဒကာ ဒကာမတွေ သိပါပြီ၊ ဘယ်ခန္ဓာရရ၊ ဇရာ၊ မရဏ ခေါင်းဆောင်းပြီး မွေးခဲ့ရတယ်ဆိုတာသိတော့ ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဘယ်ခန္ဓာသည် နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ၊ ဘယ်ခန္ဓာကြိုက်ကြသတုံး (ဘယ်ခန္ဓာမှ မကြိုက်ပါဘုရား) ကြိုက်

ရင် ဇရာ မရဏ ကြိုက်တာ၊ ကြိုက်ရင် (ဇရာ မရဏ ကြိုက်တာပါ)။

ဇရာ မရဏကြိုက်တယ်ဆိုတာ ဒါရှုးလို့ကြိုက်တာ၊ ဇရာ မရဏ ကြိုက်တာက . . . (ရှူးလို့ကြိုက်တာပါဘုရား) ရှူးလို့ကြိုက်တာ ဇရာကလည်း ဒုက္ခသစ္စာ မရဏကလည်း ဒုက္ခသစ္စာဆိုတော့ သူကြိုက်နေတာသည် ဒကာသစ်၊ ကိလေသာရှူး၊ ရှူးလို့ကြိုက်တာ (မှန်လှပါဘုရား) ဆိုထိုက် မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

## ခန္ဓာဇာတ်သိမ်းဖို့အရေးအကြီးဆုံး

အဲဒါတွေစဉ်းစားကြည့်လိုက်တဲ့အခါကျတော့မှ ဒီဘုန်းကြီး အခုဒကာ ဒကာမတွေ ကယ်ယူပို့ဆောင်တင်နေတဲ့ အဓိပ္ပါယ်ဘာပါလိမ့်မလဲဆိုလို့ရှိရင် ခန္ဓာဟူသရွေ့ ဇာတ်သိမ်းဖို့တင်နေတယ်။

ဒကာကြွယ် ဘာပါလိမ့် (ခန္ဓာဟူသရွေ့ ဇာတ်သိမ်းဖို့တင်နေတာပါဘုရား) ခန္ဓာဇာတ်သိမ်းဖို့အရေးအကြီးဆုံးပဲ။

ဘယ်နှယ်ကြောင့် ဒါလောက်အဓိကထားရပါလိမ့်မလဲဆိုတော့ ဒီပုဂ္ဂိုလ်တွေဟာ သယ်ယူပို့ဆောင်တင်လို့ရှိရင်ဖြင့် ဒီတရားနားလည်တယ်ဆိုကတည်းက သူဘယ်နည်းနဲ့ မဆို ရောက်ရတော့မယ်။

ဒီဘဝမရောက် နောက်ဘဝရောက်ရမယ်ဆိုတာက သေချာနေပြီ၊ အဲဒါကြောင့် ဒကာ ဒကာမတွေ ဒီဟာကို မကြိုက်လည်း နာပေတော့၊ မကြိုက်လည်း အားထုတ်၊ သဘောကျပလား (ကျပါပြီ)။

## ခေါင်းဆောင်ကောင်း နောက်ကလိုက်ပေတော့

ကြိုက်လည်းအားထုတ် ဒါဆိုတော့ ဦးလှဘူးက တင်းလှချည်းလားလို့မဆိုနဲ့၊ ကိုယ့်မျက်လုံးက စုံလုံးကန်း ဖြစ်နေတော့၊ ရှေ့သွားခေါင်းဆောင်ကောင်းသလောက်သာ နောက်ကဖိလိုက်ပေတော့။

ကိုယ့်မျက်လုံးအတွက်တော့ ထည့်မစဉ်းစားနဲ့ သဘောကျပလား (ကျပါပြီ) ကိုယ့်မျက်လုံးအတွက်ထည့် မစဉ်းစားနဲ့ဆိုတာ အမေမွေးကတည်းကိုက ဘာမှမပါခဲ့တာ (မှန်လှပါဘုရား)။

## စုံလုံးကန်းတွေဆင်ခြေမထူကြပါနဲ့

ရုပ်နာမ်လည်းမသိဘူးဗျာ၊ အနိစ္စ၊ ဒုက္ခလည်း. . . (မသိပါဘူး) ဒုက္ခသစ္စာလည်း မသိပါဘူး၊ မသိတော့ စုံလုံး ကန်းမွေးလာတာ၊ စုံလုံးကန်းက ဆင်ခြေထူနေလို့မဖြစ်ဘူး။

စုံလုံးကန်းက ဆင်ခြေထူနေလို့ရှိရင် အလွဲနဲ့ အချော်

ပဲ ရောက်သွားလိမ့်မယ်၊ သဘောကျပလား (ကျပါပြီ) အဲဒါကြောင့် စုံလုံးကန်းဆင်ခြေထူတဲ့ တရားပွဲတော့ မဖြစ်ပါစေနဲ့။

ဒါကလက်တို့ပြီး ခင်ဗျားတို့အိမ်ကျမှ ဘုန်းကြီးကတော့ ဟောရှာတယ်။ ကိုယ်ကလည်းအားထုတ်ပါတယ်၊ သုဂတိလောက်များရောက်နေပြီလား၊ ဘာလျှော့စျေးတွေဘာတွေအိမ်ကျလုပ်မနေနဲ့။

## ဖြစ်ပျက်မြင်ရင် နိဗ္ဗာန်ရောက်မယ်

လက်တို့ပြီး တိုးတိုး၊ တိုးတိုးနဲ့ အင်း. . . နိဗ္ဗာန်ရောက်ဖို့ရာ ကျုပ်အားတော့ထုတ်တာပဲ၊ အားထုတ်နေတာဖြစ်ပျက်လေးလောက်ပဲရှိတယ်၊ ဖြစ်ပျက်မြင်ရင် ရောက်မယ်၊ နိဗ္ဗာန်ကို ဖြစ်ပျက်မြင်ရောက်မှာပဲ။

ဆက်သာအားထုတ်ပါ၊ ဖြစ်ပျက်မြင်ရင် ရောက်ရမှာပဲဆိုတာ သေချာတယ်၊ အဲဒါကြောင့် ဘာမှအားလျှော့နေစရာမလိုဘူး။

တစ်နေ့က ဘိက္ခုနီမတွေ အားလျှော့တဲ့ဘိက္ခုနီမသောတာပန်လောက်တည်တယ်၊ အားတက်တဲ့ပုဂ္ဂိုလ်တွေရဟန္တာတောင်ဖြစ်သွားတယ်ဆိုတာ ရှင်နန္ဒက တရားဟောတော့ ဒကာသစ်ကြားလိုက်ပြီ (ကြားပါတယ်ဘုရား)။

ဒါကြောင့် ကိုယ့်စိတ်ကို ခပ်မြင့်မြင့်ထားပါ။

## ငါဒီဘဝနိဗ္ဗာန်အရယူမယ်

ငါတို့ ဒီဘဝခန္ဓာဇာတ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်အရယူမယ် (မှန်လှပါဘုရား) ခန္ဓာမုန်းရင် ရရမယ်၊ ဒီခန္ဓာမုန်းရင် (ရရမယ်) ရရမှာကေန်ဖြစ်နေတော့ ရမှ ရပ့်မလားဆိုတဲ့ သံသယဝိစိကိစ္ဆာတွေ မသုံးပါနဲ့ (မှန်လှပါဘုရား)။

ဘုန်းကြီးရဲ့ဝင့်စွာ တာဝန်ခံတော့ အင်္ဂုတ္တိုပါဠိတော်မှာ ဒီဘဝမရတဲ့ပုဂ္ဂိုလ် နောက်ဘဝရမယ်၊ ဒီဘဝရပြီးသားပုဂ္ဂိုလ် နောက်ဘဝကိစ္စပြီးတာပဲ သဘောကျပလား (ကျပါပြီ)။

## ဘယ်ခန္ဓာကောင်းတယ်ဆိုတာ နားမယောင်နဲ့

အဲဒါ သေချာသိနေတော့ ဘယ်ခန္ဓာကောင်းတယ်ဆိုတာဖြင့် မယောင်လိုက်ပါနဲ့ သဘောကျပလား (ကျပါပြီ)။

ဘယ်ခန္ဓာကောင်းတယ်လို့ပြောလို့ရှိရင် ဘယ်မှအသုဘချစရာမပါဘူး (မပါပါဘုရား) တွက်စမ်း၊ တွက်စမ်းကဲ. . .။

ဘယ်ခန္ဓာကောင်းတယ်ဆိုရင်ဖြင့် ဘယ်ခန္ဓာအသုဘချရတယ်လို့ ပြောစရာမလာဘူး (မလာပါဘုရား)၊ ဒကာသစ် စဉ်းစားကြည့်စမ်း၊ အားလုံး ဒကာ ဒကာမတွေပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဘယ်ခန္ဓာကောင်းတယ်ဆိုရင် အသုဘကိစ္စရှိရပ့ါမလား (မရှိရပါဘုရား) အခုတော့ ဘယ်ခန္ဓာလာလာ ဘာကိစ္စတွေသာတွေ့ရလဲ အသုဘကိစ္စတွေသာ တွေ့ရတယ်၊ ရှင်တုန်းလည်း ကျင်ကြီး ကျင်ငယ်စွန့်ရတယ်၊ ဝမ်းထဲ အသုဘတွေရှိလို့၊ အသုဘကိစ္စ ရွက်ဆောင်နေရတယ်။ သဘောကျပလား (ကျပါပြီ)။

သေတော့လည်း သူများမကြည့်ချင်လို့သုသာန် ထမ်းပိုးပြီး တစ်ခါတည်းလေးပေတွင်း၊ ခြောက်ပေတွင်းထဲမှာ လေးပေလောက်တူးပြီး မြှုပ်နေရတယ်၊ နံမှာစော်မှာစိုးလို့ပေါ့ဗျာ (မှန်လှပါဘုရား) ပေါ်ကြပြီလား (ပေါ်ပါပြီ)။

ဘယ်ခန္ဓာကောင်းတယ်လို့ဆိုတာ ခင်ဗျားတို့ ကျင်ကြီး ကျင်ငယ်စွန့်ရတာ ထောက်သဖြင့်လည်း အသုဘပဲ ရှင်တုန်းလေ (မှန်လှပါဘုရား)။

သေတဲ့အခါရွာအပြင် မြို့အပြင်ထုတ်ရခြင်းကြောင့်လည်း ဘာတုံး (အသုဘပါ)။

အင်း ဘယ်ခန္ဓာကောင်းတယ်လို့ပြောနေလို့ရှိရင် အပြောသမားသာ ဖြစ်တော့မယ်၊ အလုပ်ကဖြင့် မကောင်းတာအမှန်ပဲ ပေါ်ကြပလား (ပေါ်ပါပြီ)။

အဲဒါ-နိဗ္ဗာန်သဘောကျချင်လို့ရှိရင်လည်း ဒကာဒကာမတွေ ခပ်ကြမ်းကြမ်းပဲ ဘုန်းကြီးက ပြောပ့ါမယ်၊ ခန္ဓာ

က ဒုက္ခသစ္စာ ခန္ဓာဖြစ်ကြောင်းက (သမုဒယသစ္စာ) အဲဒီ သမုဒယသစ္စာကို မဂ်နဲ့ဖြတ်နေတဲ့ ဝိပဿနာမဂ်နဲ့ ဖြတ်နေတဲ့ ပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်ဟာ ဒုက္ခမရောက်မည့် ပုဂ္ဂိုလ်ပဲဆိုတာ သေချာတယ် (မှန်လှပါဘုရား)။

## ဒုက္ခမရောက်မည့်ပုဂ္ဂိုလ်

ဒုက္ခမရောက်မည့်ပုဂ္ဂိုလ် အသုဘမဖြစ်မည့်ပုဂ္ဂိုလ်ပဲ ဆိုတာကော (သေချာပါတယ်)။

အဲဒီကတည်းက နိဗ္ဗာန်ဆိုတဲ့ ဥစ္စာ၊ နိဗ္ဗာန်ရောက်ကြောင်း အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည်၊ ပုဂ္ဂိုလ်အဖြစ်နဲ့လုပ်ဦးတော့ အသုဘဇာတ်သိမ်းနေတာ ဘာဇာတ်သိမ်းနေတာလဲ (အသုဘဇာတ်သိမ်းနေတာပါဘုရား)။

အသုဘဇာတ်သိမ်းနေတဲ့အလုပ်ကို ခင်ဗျားတို့က ဒီအနာပေါက်နေတဲ့ ဥစ္စာဒီအနာပျောက်တဲ့အလုပ် လုပ်တဲ့ ဥစ္စာပဲ၊ ဒါဆေးကောင်းဝါးကောင်းမှတစ်ပါး ဒီဆေးမှ တစ်ပါး မှီဝဲစရာမရှိဘူးဆိုတာကို ကိုယ့်စိတ်ထဲ ဆုံးဖြတ်ဖို့ပါ၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ အသုဘဇာတ်သိမ်းတဲ့ တရားဟောကြပါစို့ (မှန်လှပါဘုရား)။

## အသုဘဇာတ်သိမ်းတဲ့တရား

အသုဘဇာတ်သိမ်းတဲ့တရားဆိုတဲ့ဥစ္စာက ရှင်းရှင်းလင်းလင်းမှတ်ထားတော့ တဏှာသိမ်းတဲ့တရား အသုဘဇာတ်သိမ်းတဲ့တရားဆိုတာ ဘာပါလိမ့် (တဏှာသိမ်းတဲ့တရားပါဘုရား)။ ရှင်းရှင်းမှတ်လိုက်တော့ ဒါပဲရတယ်။

ရှင်းရှင်းမှတ်လိုက်တော့ တဏှာမလာအောင် ဆည်းနိုင်တဲ့ပုဂ္ဂိုလ်၊ တားနိုင်တဲ့ပုဂ္ဂိုလ်ကို ဒကာကြွယ်ရေ အသုဘဇာတ်သိမ်းတဲ့တရား ဒုက္ခဇာတ်သိမ်းတဲ့ . . . (တရားပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)။

ဩော်-ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အသုဘလည်းဇာတ်သိမ်းပါတယ် ဒုက္ခလည်း ဇာတ်သိမ်းပါတယ်ဆိုပြီး ကြုံကဲပြီဘုရားဆိုပြီး တစ်ပွဲလုံး ဆုံးဖြတ်ချက်ချဖို့ပဲ (မှန်လှပါဘုရား)။

တစ်ပွဲလုံးတညီတညွတ်တည်း ဆုံးဖြတ်ချက်ချဖို့ပါပဲဆိုတာ သေချာကြပလား (သေချာပါပြီ) ဒါဖြင့် အခုဟောမည့် တရားသည် အသုဘနှင့် ဒုက္ခသိမ်းမည့် တရား၊ ဘာတရားပါလိမ့် (အသုဘနဲ့ ဒုက္ခသိမ်းမည့်တရားပါဘုရား)။

ဒီအထဲကမှ ကျုပ်ဖြင့်ဟောတော့ ဟောတာပဲ တရားတော့ နာလို့ကိုမဖြစ်ဘူးဆိုလို့ရှိရင်ဖြင့် အသုဘနဲ့ ဒုက္ခသိမ်းတာ သူဟာ နားကိုမလည်လို့ပဲ၊ အသုဘသိမ်းမှာ ဒုက္ခသိမ်း

မှာ ကြောက်လွန်းလို့ပဲ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

## ဆေးခွက်ကိုင်ရင်ပြေးတဲ့ခွေးလို

အဲတော့ကိုး၊ ခင်ဗျားတို့ တိရစ္ဆာန်မိုက်၊ မမိုက်ပါနဲ့ ဆိုတာ ရှေ့ပိုင်းက စကားပြောရတယ်၊ တိရစ္ဆာန်မိုက်ဆိုတာက ခွေးတစ်ကောင် ဂုတ်အနာရှိလို့၊ ဒီကရှိတဲ့ဆေးတွေနဲ့ ဖိနိုင်နဲ့ ကုပေးမလို့ ဆေးခွက်ကိုင်ရင်ပြေးတယ်။

ဘာဖြစ်လို့တုံးလို့မေးလို့ရှိရင်ဖြင့် အနာရှိမှန်းလည်း မသိ၊ အနာကုပေးမည့် ကျေးဇူးရှင်ရယ်လို့လည်း (မသိပါဘုရား) ဒါမသိပြေး၊ ပြေးနေတယ်။

အနာရှိမှန်းလည်းမသိ၊ အင်း- အနာလာကုပေးမည့် ကျေးဇူးရှင်ရယ်လို့လည်း (မသိပါဘုရား) အင်း-အခုရုပ်နာမ် ဓမ္မတွေဇာတ်သိမ်းမည့်တရားကိုဟောလို့ မကြိုက်လို့ရှိရင်ဖြင့် ခွေးနာလည်ပင်းရတဲ့ ဆေးခွက်ကိုင်လို့ပြေးတဲ့ ခွေးမျိုးထဲက ကျုပ်တို့အတူတူဖြစ်နေပြီ (မှန်လှပါဘုရား)။

မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒါ အသေအချာစဉ်းစားတော့ ဩော်. . . ဒို့ဟာ မကြိုက်လည်း ဒီအလုပ်လုပ်ရတော့မှာပဲ၊ ကြိုက်ရင်လည်း (ဒီအလုပ်လုပ်ရမှာပါဘုရား)။

ဒို့ဟာဖြင့် ခွေးနာဖြစ်နေပြီ၊ ခွေးဆိုတာ တိရစ္ဆာန်ကိုး ဗျ၊ ဘာမှမသိတော့ ဆေးခွက်ကိုင်ရင် သူခဲကိုင်တယ်မှတ်ပြီး ပြေးချင် ပြေးမယ် (ပြေးပါတယ်ဘုရား)။

## မကြိုက်လည်းနာ ကြိုက်လည်းနာ အားထုတ်

အဲဒါကြောင့် ဒကာ ဒကာမတို့ မကြိုက်လည်းနာ၊ ကြိုက်လည်းနာ၊ အားထုတ်၊ ဒါလုပ်ရမည့်စခန်းဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီ)။

ဒါ ခပ်မာမာနဲ့ ခပ်တင်းတင်းပြောတယ်လို့ ဒကာသစ်က မဆိုနဲ့နော်၊ မသိတဲ့ပုဂ္ဂိုလ်တွေကလည်းရှိသေးသကိုး၊ မရှိပေဘူးလား (ရှိပါတယ်ဘုရား)။

အမြင်မှတ်တွေနာပြီးသကာလ နတ်ပြည်ကောင်းနိုးနိုး၊ ဗြဟ္မာပြည်ကောင်းနိုးနိုး၊ ဇရာ မရဏလည်း သွားမကြည့်ဘူး၊ အဲဒီကောင်းနိုးနိုးသမားတွေကို အခုဟာက ဒကာ ဒကာမတို့ ခွေးနာဥပမာနဲ့ ဟပ်ပြီးသကာလ၊ ခင်ဗျားတို့ကို ပြောလိုက်တာ မနာပါနဲ့ (မနာပါဘူးဘုရား)။ ဒီလိုဖြစ်စရာတွေကမြင်နေလို့ (မှန်လှပါဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ပြောကြစို့ဆိုတော့ တဏှာဇာတ်သိမ်း ခန္ဓာသိမ်းတဲ့တရားပြောကြစို့။

## နိဗ္ဗာန်ရောက်ကြောင်းနှစ်မျိုး

တဏှာဇာတ်သိမ်း၊ ခန္ဓာသိမ်းတဲ့တရားကတော့ ဒကာ ဒကာမတို့ လွယ်ပါတယ်တဲ့၊ ဝိပဿနာရှုနိုင်လည်း ရှု၊ မရှုနိုင်လို့ရပ်တန်းကရပ်နိုင်လို့ရှိရင်လည်း ရပ်၊ ဒီနှစ်မျိုးရှိတယ် (မှန်လှပါဘုရား)။

၁။ ရပ်တန်းကရပ်နိုင်လို့ရှိရင်လည်း ရပ်ဖို့ပဲ၊

၂။ ဝိပဿနာရှုမှပဲ တပည့်တော်တို့ ရပ်တန်းကရပ်လို့ရတယ်ဆိုလို့ရှိရင်လည်း ဝိပဿနာပဲရှုကြပါ။

ဒါဖြင့် ဒကာကြွယ် နိဗ္ဗာန်ရောက်ကြောင်းနှစ်မျိုး (မှန်လှပါဘုရား) ရပ်တန်းကရပ်လို့ရှိရင်လည်း နိဗ္ဗာန်ရောက်တယ်၊ ရပ်တန်းကမရပ်လို့ လွန်သွားမှ ဝိပဿနာရှုရင်လည်း (နိဗ္ဗာန်ရောက်ပါတယ်)။

## ရပ်တန်းက ရပ်တဲ့နည်း

ဒါဖြင့် ရပ်တန်းကရပ်၍ နိဗ္ဗာန်ရောက်နိုင်တာက တစ်မျိုး၊ သဘောကျပလား (ကျပါပြီ)၊ မရပ်နိုင်တဲ့ပုဂ္ဂိုလ် ဝိပဿနာ ရှုမှရနိုင်ရင် ရနိုင်တဲ့နိဗ္ဗာန်က (တစ်မျိုးပါဘုရား) တစ်မျိုးဆိုတော့ နှစ်မျိုးပြတယ်နော်. . . (မှန်လှပါဘုရား)။

ကဲ-ဒီနေ့တော့ဖြင့် အချိန်က ဒကာ ဒကာမတို့ ရပ်တန်းကရပ်တဲ့အချိန်ကိုပြောရတော့မယ်၊ ရပ်တန်းက

ရပ်တာနဲ့ နိဗ္ဗာန်ရတာကိုပြောရလိမ့်မယ်၊ ရပ်တန်းကရပ်တာနဲ့ (နိဗ္ဗာန်ရတာကိုပါဘုရား)။

အဲဒါကျတော့ ဒကာအားလုံးပဲ နှစ်တိုင်းလည်း ဟောနေလို့ ဒကာကြွယ်တို့လည်း သိပါလိမ့်မယ်။

## မာလုကျပုတ္တ

ဘုရားသခင်ကိုယ်တော်မြတ်ကြီးရှိစဉ်အခါတုန်းက မာလုကျပုတ္တဆိုတာ မာလုကျပုဏ္ဏေးမရဲ့သားပေါ့ဗျာ၊ အဲ မာလုကျသားကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဆီ သူကသွားလိုက်တယ်၊ မာလုကျပုတ္တဆိုတဲ့လူက-

အရှင်ဘုရားတပည့်တော်သည် တရားဓမ္မကြိုးစားချင်တယ်၊ ဝီရိယနဲ့ ကြိုးစားပါ့မယ်၊ တိုတိုနဲ့ကျဉ်းကျဉ်းပဲ တပည့်တော်က အသက်အရွယ်လည်းကြီးတယ်ဘုရား၊ တိုတိုနဲ့ ကျဉ်းကျဉ်းတရားကို တပည့်တော်အားထုတ်ပါရစေ-

## အသက်ကြီးလို့ တရားတိုတိုဟောပါ

သူ့လျှောက်ပုံကလည်း အသက်အရွယ်ကလည်းကြီးသတဲ့လေ တိုတိုနှင့် နိဗ္ဗာန်ရောက်တဲ့တရားကို အရယူချင်တယ်။

ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပထမတော့ အပြစ်တင်လိုက်သေးတယ်။

ဘယ်လိုအပြစ်တင်လိုက်သလဲဆိုတော့ မင်းဟာ အသက်အရွယ်ကြီးမှလည်းလာပြန်တယ်ကွာ၊ တရားလည်း တိုတိုနဲ့ နိဗ္ဗာန်သွားချင်တယ်ဆိုတော့ မင်းဟာတယ် မလွယ် ပါလား၊ ပြောကောမပြောထိုက်ဘူးလား (ပြောထိုက်ပါတယ် ဘုရား) ပြောထိုက်တယ်နော်။

အသက်အရွယ်ကလည်းကြီးပြန်တယ် တရား ကလည်းတိုတိုကလေးနဲ့ နိဗ္ဗာန်ရောက်ချင်တယ်ဆိုတော့ အားလုံး ဒကာ ဒကာမတွေပဲ စဉ်းစားကြည့်၊ ဘုရားမို့ သည်းခံ ပြီး နားထောင်ရတော့တာပဲ (မှန်လှပါဘုရား)။

အဲတော့ သူကပဲ ပြန်စတော့ မင်းငယ်စဉ်အခါ တုန်းကဘာလုပ်နေတုန်းကွ. . . ။

## မင်းငယ်ငယ်တုန်းကဘာလုပ်နေတုန်း

အို- ငယ်စဉ်အခါတုန်းကတော့ တပည့်တော်တို့ တဏှာခိုင်းတာလုပ်နေရတယ်၊ သူက အမှန်လျှောက်ပေ တယ် (မှန်ပါ့ဘုရား)။ ငယ်စဉ်အခါတုန်းကတော့ . . . (တဏှာခိုင်းတာလုပ်ရပါတယ်)။

ဒီအရင်ကဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီမာလုကျ ပုတ္တနဲ့ အတူတူပဲဗျ (မှန်လှပါဘုရား)။

အခုမှ ဒကာကြွယ်တို့ (၆၀)ကျော်မှ ဘုန်းကြီးနား

ရောက်လာတယ်၊ ဒကာသစ်တို့ရောက်လာတယ်၊ ဟာ. . . ငယ်ရွယ်စဉ်ကာလက ဘာလုပ်နေသတုန်းမေးရင် ဘယ်နှယ်ဖြေမလဲ. . . (တဏှာခိုင်းတာလုပ်နေရပါတယ်ဘုရား)။

တဏှာခိုင်းတာလုပ်နေရတယ်ဘုရား၊ ဩော်. . . မင်းခက်ပါဘိတော့တယ်ကွာ၊ ဒါဖြင့် ဒီစကားပြောတာက တခြားမဟုတ်ဘူး၊ ငယ်ရွယ်စဉ်အခါတုန်းက တဏှာခိုင်းတာလုပ်နေပြီး၊ ကြီးမှတရားတိုတိုနှင့်နိဗ္ဗာန်သွားချင်တယ်ဆိုတော့ မင်းဟာမခက်ဘူးလားလို့ဘုရားကပြောတယ်။

## အသက်ကြီးသော်လည်းကြိုးစားပါမည်

အဲတော့ မခက်ပါဘူးတဲ့ တပည့်တော်၊ တပည့်တော်အားလည်းရှိပါသေးတယ်၊ ကြိုးစားမယ်ဆိုလည်းရပါတယ်၊ အရှင်ဘုရားသာ၊ တပည့်တော်တို့အား ချီးမြှောက်ပါတဲ့၊ တိုတိုနှင့် မိမိကို (မှန်လှပါဘုရား)။

အဲတိုတိုနဲ့ မိမိ အားထုတ်ရလို့ရှိရင် တပည့်တော်ရနိုင်တဲ့ စွမ်းရည်သတ္တိရှိတယ်ဆိုတာ နောက်ကရဟန်းငယ်တွေကြားအောင်ပြောနေတာ (မှန်လှပါဘုရား)။

ဟော့-ရဟန်းငယ်တွေစဉ်းစားကြည့်စမ်း၊ မာလုကျပုတ္တ အသက်အရွယ်ကြီးမှလည်းလာသေးတယ်၊ သို့သော်လည်း တပည့်တော် အားအင်ဗလရှိသေးတယ်၊ ကြိုးစားနိုင်

ပါသေးတယ်ဆိုတော့ မင်းတို့ငယ်ငယ်တွေ ဘယ့်နှယ်ကြောင့် မကြိုးစားသလဲဆိုတာကိုလည်း ရဟန်းငယ်တွေသိအောင်လို့ အခုနက အပြစ်တင်လိုက်ခြင်းဖြစ်ပါတယ် (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါပြီ)။

## ငယ်လည်းရနိုင် ကြီးလည်းရနိုင်

အဲတော့ ဒီအထဲမှာလည်း လူကြီးတွေလည်း မာလုကျပုတ္တအရွယ်တွေလည်းပါတယ်၊ မာလုကျပုတ္တငယ်စဉ် အခါတုန်းက တဏှာခိုင်းနေတဲ့အရွယ်တွေလည်း ပါပါတယ် (ပါပါတယ်ဘုရား)။

ထိုကဲ့သို့ ပါတော့ ငယ်လည်းရနိုင်တာပဲ၊ ကြီးလည်း ရနိုင်တာပဲလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့) ငယ်လည်း. . . (ရနိုင် ပါတယ်) ကြီးလည်း (ရနိုင်ပါတယ်)။

အဲ လုံ့လဝီရိယနဲ့ တရားဟောဆရာက မှန်မှန် ကန်ကန်ပြပြီး ကိုယ်ကလုံ့လဝီရိယ၊ သတိပညာနဲ့ ဦးဘအုန်း နေလို့ရှိရင် ရရမှာပဲ၊ ရှင်းပလား . . . (ရှင်းပါပြီ)။

## ရပ်တန်းကရပ်နိုင်လို့နိဗ္ဗာန်ရတယ်

အဲတော့ ယနေ့တော့ မာလုကျပုတ္တပြောရမှာဖြစ်နေ တော့ ဩော် ရပ်တန်းကရပ်နိုင်တာနဲ့ နိဗ္ဗာန်ရနိုင်တာကို ပြောရတော့မယ် (မှန်ပါ့)။

ရပ်တန်းကရပ်နိုင်တာနဲ့ နိဗ္ဗာန်ရနိုင်တာ ဒကာ ဒကာမတွေ မှတ်ရတော့မယ်။ မရပ်နိုင်လည်း ဘုန်းကြီးက ကိစ္စမရှိပါဘူး၊ မရပ်နိုင်လည်း ပွားများနည်းပေးရမယ်၊ ဦးဘအုန်းမရပ်နိုင်တော့. . . (ပွားများနည်းပေးမှာပါဘုရား) ရပ်နိုင်တော့ ရပ်တဲ့နည်းပေး လိုက်ရုံပဲ။

နိဗ္ဗာန်တော့ရောက်တာချည်းပဲဆိုတာ မှတ်လိုက်စမ်းပါ (မှန်လှပါ) လိုရင်းက တဏှာမလာပဲနဲ့ ချုပ်ရင်ရောက်တာပဲ (မှန်လှပါဘုရား)။ တဏှာမလာဘဲနဲ့ . . . (ချုပ်ရင်ရောက်ပါတယ်ဘုရား)။

တဏှာလာခွင့်မပေးဘဲနဲ့ ချုပ်လို့ရှိရင် ဒကာကြွယ်ရောက်တာပဲလို့မှတ်လိုက်စမ်းပါ ရှင်းကြပလား (ရှင်းပါပြီ)။

ကဲ-ဒါဖြင့်ကွာ မာလုကျပုတ္တ မင်းဟာ အသက်အရွယ်ကြီးပြီ မင်းကလည်း တရားတိုတို လိုချင်တော့ အားထုတ်ပါ့မယ်ဆိုတော့ မင်းကလည်း တာဝန်ခံတော့ ငါ့ဝတ္တရားအတိုင်းတော့ဖြင့် ငယ်တဲ့ပုဂ္ဂိုလ်လည်း ကယ်တင်ရမှာပဲ၊ ကြီးတဲ့ပုဂ္ဂိုလ်လည်းကယ်တင်ရမှာပဲကွ၊ မင်းငါဟောတဲ့ တရားသေချာမှတ်စမ်း။

ဟောပြီ ဒကာ ဒကာမတို့ ဥပမာမယ် ငါပြောပြပါမယ်ကွာတဲ့ ဇမ္ဗုရသရက်သီးဆိုတဲ့ဥစ္စာ ဒကာ ဒကာမတို့ မြင်

လည်း မမြင်ဖူးကြပါဘူး (မှန်ပါ့) မြင်ဖူးကြရဲ့လား (မမြင်ဖူး ပါဘုရား)။

## ဗန္ဓုရ သရက်သီးဥပမာ

အင်း-မြင်လည်းမမြင်ဖူးဘူးနော်၊ အင်း-ယခု ပစ္စုပ္ပန် စားကော စားဖူးကြရဲ့လား (မစားဖူးပါဘုရား) မစားဖူးတော့ ဗန္ဓုရ သရက်သီးလို့ပြောလိုက်ပြန်လည်း ကြားတော့ ကြား လိုက်တာပဲ။

စားချင်တဲ့စိတ်ကလေးပေါ်ရဲ့လား (မပေါ်ပါဘုရား)။

ဘာကြောင့်လည်း မြင်လည်း မမြင်ဖူးဘူးစားလည်း (မစားဖူးပါဘုရား) နောက်စားရပါစေလို့လည်း တောင့်တ သေးရဲ့လား (မတောင့်တပါဘုရား)။ ဘယ်နှယ်ကြောင့်တုံး မေးတော့ မြင်လည်းမမြင်ဖူးဘူး၊ စားလည်းမစားဖူးဘူး၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အင်း-မြင်ဖူးတယ်လည်းမဟုတ်ဘူး၊ စားဆဲဆိုလို့ရှိရင် လည်း ပစ္စုပ္ပန်စားဆဲဆိုလို့ရှိရင်လည်း နောက်ထပ်တောင့်တ ဦးမှာပေါ့ဗျာ။

အခုတော့ ဒကာ ဒကာမတွေ မြင်လည်းမမြင်ဘူး ကြားလည်းမကြားဘူး၊ စားလည်းမစားဘူးဖြစ်နေတယ် (မှန်လှပါဘုရား) ကြားလည်း (မကြားဘူးပါဘုရား) စားလည်း

(မစားဘူးပါဘုရား)။

ကြားလည်း မကြားဘူး၊ စားလည်းမစားဘူးဆိုတော့ ကြားတုန်းကတည်းက ကျုပ်ဖြင့် လွမ်းပါရဲ့ဆိုတာလည်းမလာပါဘူး။

စားလည်းမစားဘူးသဖြင့် စားချင်တယ်ဆိုတာကော (မလာပါ) ကြားတုန်းက လွမ်းပါရဲ့ဆိုတာလည်းလောဘပဲ၊ စားတုန်း၊ စားဆဲလည်း မဟုတ်တော့ စားချင်လိုက်တာဆိုတဲ့ စားဖူးခြင်းကြောင့် စားချင်လိုက်တာဆိုတဲ့ အာသာကော လာသေးလား. . . (မလာပါဘုရား)။

ဒါဖြင့် ကြားတာကြားခြင်းကြောင့်လည်း လောဘ မလာဘူး၊ သဘောကျပလား (ကျပါပြီ) မစားဖူးကြောင့်လည်း စားချင်စိတ်က (မလာပါဘူးဘုရား)။

## စားချင်တဲ့တဏှာမလာဘူး

မကြားဖူးကြောင့်လည်း ကြားချင်တဲ့တဏှာလာရဲ့လား (မလာပါဘုရား) မစားဖူးသောကြောင့်လည်း နောက်စားချင်တဲ့ တောင့်တတဲ့တဏှာလာရဲ့လား (မလာပါဘုရား)။

ဒါဖြင့် သူ့မှာတဏှာမလာဘူး ကြားကာမျှမတ္တပဲ ဘယ်လိုပါလိမ့် (ကြားကာမျှ မတ္တပါဘုရား) ကြားကာမျှ မတ္တပဲ။

ဗန္ဓရ သရက်သီးလို့ပြောတော့ ဗန္ဓရ သရက်သီးဆို တာ ကြားလိုက်တာပဲရှိတာ၊ အင်းကြားခြင်းကြောင့်လည်း တဏှာလာရဲ့လား (မလာပါဘုရား)။

အင်း-ဒကာ ဒကာမတို့ မစားဖူးသောကြောင့်လည်း စားဆဲလည်းမဟုတ်သောကြောင့် စားချင်တဲ့တဏှာကော (မလာပါဘုရား)။

ဒါဖြင့် ကြားရုံနဲ့ပဲ သူပြီးသွားတယ်၊ တဏှာလာသေး ရဲ့လား (မလာပါဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ဒါက ပိုပြီးရှင်းအောင်ပြောလိုက်ခြင်းဖြစ်တယ်။

## ရှေးကလည်းမမြင်ဖူးဘူး

ကဲ-တစ်ခုသောအဆင်းကလေးကို ရှေးကလည်း မမြင်ဖူးဘူး၊ ရှေးကကော (မမြင်ဖူးပါဘုရား) အခုလည်းမြင် ဆဲ မဟုတ်ဘူး၊ မြင်ဆဲမဟုတ်တဲ့ ပုဂ္ဂိုလ် အဲဒီလိုခင်ဗျားတို့ ရှေးကလည်း မမြင်ဖူးဘူး၊ အခုလည်းမြင်ဆဲမဟုတ်ဘူးဆိုတဲ့ ဝတ္ထုပစ္စည်းတစ်ခုကို ခင်ဗျားတို့သည် မြင်ရပါလို၏လို့ တောင့်တဦးမလား (မတောင့်တပါဘုရား)။

ဘာကြောင့်လည်း ရှေးကလည်း မမြင်ဖူးဘူး၊ အခု လည်း (မြင်ဆဲမဟုတ်ဖူးပါဘုရား)။

## အခုလည်းမြင်ဆဲမဟုတ်ဘူး

ယခုလည်းမြင်ဆဲမဟုတ်ပါ၊ ရှေးကလည်း (မမြင်ဖူးပါ) ယခုလည်း (မြင်ဆဲမဟုတ်ပါ) အဲတော့မြင်လည်း မမြင်ဖူးဘူး အခုလည်း မြင်ဆဲမဟုတ်တာကို၊ နောက်ထပ် ဒါမျိုး မြင်ချင်လိုက်တာလို့ လာသေးရဲ့လား. . . (မလာပါ)။

အင်း-တဏှာကိုမလာတာ၊ အဲဒီသဘောမျိုးလိုပဲတဲ့ ခင်ဗျားတို့ အဆင်းလေးမြင်တယ်ဆိုတော့၊ အင်းအဆင်းလေး လို့သိတယ်။စိတ်ထဲက ဘာမှမဆက်နဲ့တော့ (မှန်လှပါဘုရား)။

အဆင်းလေးမြင်တော့ ဖြူတယ်ဆိုရင် ဖြူတာကလေး သိပြီး ရပ်ပစ်လိုက်၊ နီတယ်ဆိုရင်ကော (နီတာလေး သိပြီးရပ်လိုက်ရပါမယ်) နီတာလေးသိပြီး ရပ်ပစ်လိုက်တော့ နီတာ နီတာလေးသိပြီးရပ်ပစ်လိုက်။

## သိပြီးရပ်ပစ်လိုက်ပါ

နီတယ်သိတယ်ဆိုပြီးသကာလ ဒီပြင်စိတ်မလာစေနဲ့နော် (မလာရပါဘုရား) အဲဒါဖြင့် ချိုတာကို ချိုမှန်းသိပြီး ရပ်ပစ်လိုက်။

ချဉ်တာကို စားရင်ကော (ချဉ်တာသိပြီး ရပ်ပစ်ရပါမယ်) အင်း-မွှေးတာလေးသိရင်ကော မွှေးတာကိုသိပြီး (ရပ်ပစ်ရပါမယ်ဘုရား)။

သို့သော်တဲ့ သာမညပါရမီ သာမညဉာဏ်နဲ့ဖြင့် ဒါမရနိုင်ဘူး (မှန်ပါ) မရနိုင်ဘူးတဲ့၊ ဘာကြောင့်တုံးဆိုတော့ ခင်ဗျားတို့က အင်မတန်အပြေးသန်တဲ့ပုဂ္ဂိုလ်။

ခင်ဗျားတို့က အဝေးကြီးက ပြေးလာတဲ့ပုဂ္ဂိုလ် ဖျတ်ခနဲ လှမ်းဆွဲလိုက်ရင် ဥပမာမယ်၊ အင်း. . ကိုက်(၂၀)လောက် ပြေးမည့်ဥစ္စာ(၁၅)ကိုက်လောက်ကနေပြီး လက်လှမ်းဆွဲလိုက်လို့ရှိရင် သူက ကိုက်(၂၀) လောက်ပြေးမည့်ပုဂ္ဂိုလ် ဒကာသစ်က (၁၅)ကိုက်လောက်ကနေ ဆွဲတော့ သူ့မှာ အားရှိတုန်းမနေဘူးလား (နေပါတယ်ဘုရား)။

အဲတော့ လက်လှမ်းဆွဲရင် ဟပ်ထိုးလဲလိမ့်မယ်၊ မလဲပေဘူးလား (လဲမှာပါဘုရား)။

ဘယ်နှယ်ကြောင့် လဲသတုံးဆိုတော့ သူကပြေးနေကြမို့လို့ အရှိန်မသတ်နိုင်ဘူး (မှန်လှပါဘုရား) သဘောကျပလား (ကျပါပြီ)။

ပြေးနေကျမို့ အရှိန်မသတ်နိုင်ဘူးဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)။

အဲ-ခင်ဗျားတို့ကလည်း ခုမှ ဒီဥစ္စာကိုမြင်တာမြင်ရုံတင်ရပ်၊ အရှိန်သတ်မရဘူးဘုရား၊ ခင်ဗျားတို့က လာလိမ့်မယ်၊ သဘောကျပလား (ကျပါပြီ)။

## ရပ်ပါဆိုရင် အရှိန်မသတ်နိုင်ကြဘူး

ကြားတာ၊ ကြားရုံတင်ရပ်ပါဆိုရင်ကော (အရှိန်မသတ်နိုင်ပါဘုရား) မဟုတ်ဘူး၊ ကျုပ်ကကြားရုံနဲ့ မကျေဘူးဗျ၊ ခင်ဗျားတို့ကလည်း မကျေနပ်တဲ့ဘက်လှည့်လှည့်သွားတယ် (မှန်လှပါဘုရား)။

မြင်တာနဲ့ပဲ ကျုပ်ကစိတ်ပျက်လာတယ်၊ ဟော. . စိတ်ပျက်တဲ့ဘက်လှည့်ပြန်ပြီ၊ မြင်ရတာနဲ့ ကျုပ်ကလည်းဗျာ၊ ဒါကို ဘဝကအကြောင်းထင်ပါရဲ့ ခင်လိုက်တာ ခင်ဗျားတို့ရပ်လို့ကို မရဘူး။

ဘယ်နှယ်ဖြစ်နေတာလဲ အပြေးကတယ်သန်တာကိုး ရိပ်မိပလား (ရိပ်မိပါပြီ)။

**အင်း-အပြေးကတယ်သန်တော့ ရပ်လို့မရဘဲ ဖြစ်နေ**တော့၊ ဘုရားကလည်း အရပ်ခိုင်းတယ် ဦးဘအုန်း (မှန်ပါ့ဘုရား) ခင်ဗျားတို့က ဘယ်နှယ်ဖြစ်နေလဲ (ရပ်လို့မရပါဘုရား)။

ဒကာသစ်တို့က အပြေးသန်သမား (မှန်ပါ့) အပြေးသန်သမားဆိုတော့ ရပ်ပါဆိုလို့ရှိရင် ရပ်မရဘူး၊ သဘောကျပလား (ကျပါပြီ) ရပ်ပါဆိုလို့ရှိရင် (ရပ်မရပါ)။

ရပ်မရလို့ရှိရင်ဖြင့်တဲ့ ဟပ်ထိုးလည်းမလဲစေနဲ့တဲ့ သူ့ကို တရားတစ်မျိုးပေးမှရမယ် (မှန်လှပါဘုရား)။

မာလုကျပုတ္တတော့ ဒီအတိုင်းပေးတာပဲ မြင်တယ်၊ သိတယ်ဆိုရင် ရပ်လိုက်ကွာ၊ ကြားတာ၊ ကြားတယ်သိတယ် ဆိုရင်ကော (ရပ်ရမှာပါဘုရား)။ ကြားတာကနားကကြား တယ်၊ သိတာကအသံလို့သိတယ်၊ ရပ်လိုက် (မှန်လှပါဘုရား)။

ဆိုတော့ ဒီအသံနားခါးတယ်ဆိုတာ ခင်ဗျားတို့က လာဦးမှာနော်၊ ရပ်မည့်လူစားတစ်ယောက်မှမပါဘူး၊ ပါပဲ့ မလား (မပါပါဘုရား)။

**ရပ်မည့်လူစား** ပါကို မပါတော့၊ ဒီဒကာ ဒကာမတွေ တော့ဖြင့် မာလုကျဝတ္ထုကိုရှိလို့သာပဟောရတယ်၊ ဒို့ဒကာ ဒကာမတွေက အရှိန်ကအင်မတန်သန်တယ်ဆိုတဲ့ဥစ္စာလည်း သိပြီးသားပါပဲ (မှန်လှပါဘုရား)။

## မြင်တယ်၊ သိတယ်ရပ်လိုက်

အဲတော့ သံယုတ်ပါဠိတော်က ဒီအတိုင်းပဲ မြင်တယ်၊ သိတယ်၊ ရပ်လိုက်၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံကိုး၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံမြင်တယ်၊ သိတယ် တော်ပြီ၊ ကြားတယ်၊ သိတယ် (တော်ပါပြီဘုရား)။

စားတယ်၊ သိတယ်( တော်ပါပြီ) နံတယ်၊ သိတယ် (တော်ပါပြီ)၊ အဲ-သိရုံတော့အပြစ်မရှိပါဘူး၊ အခုတော့ ခင်ဗျားတို့က အို-သိလို့ကိုပဲ ကျုပ်ကမကျေနပ်တာ။

ခင်ဗျားတို့က ရှည်လိုက်တဲ့ဖြစ်ခြင်းမှ ရပ်လို့ကောရ

ကြရဲ့လား (မရပါဘုရား) မရဘူးတဲ့ မရတော့ ဒကာ ဒကာမ တွေအတွက် တရားတစ်မျိုးပဲ၊ ဘုရားကဟောတော်မူတယ်။

## ရပ်ခြင်းကြောင့်နိဗ္ဗာန်ရောက်တဲ့တရား

ဒါကြောင့် ဒီဟာကရပ်ခြင်းကြောင့် နိဗ္ဗာန်ရောက်တာကတစ်မျိုး ပွားခြင်းကြောင့်နိဗ္ဗာန်ရောက်တဲ့တရားတစ်မျိုး မပေးရပေဘူးလား (ပေးရမှာပါ)၊ ပေးရတာပဲဆိုတာ ဒကာကြွယ်တို့ ရိပ်မိပလား (ရိပ်မိပါပြီ)။

ကဲ-ဒါဖြင့် ဒကာသစ်ရေ. . . မာလုကျပုတ္တတော့ ဖြင့်တဲ့ မြင်တယ် သိတယ်ဆိုရင် ရပ်ပစ်လိုက်တာပဲ၊ ကြားတယ် သိတယ်ဆိုရင် (ရပ်ပစ်လိုက်ပါတယ်ဘုရား) သဘောကျပလား (ကျပါပြီ)။

အဲဒီလို ရပ်ရပ်၊ ရပ်ရပ် ပစ်လိုက်တော့ ကြံတယ် သိတယ်ဆိုပြီးတော့ကော (ရပ်ပါတယ်ဘုရား)။

အင်း-ဒါ့ရခြောက်ပေါက်စလုံးဆိုတော့ သိပြီးရပ်တာချည်းပဲ နောက်ဆက်တွဲမလာဘူး၊ သဘောကျပလား (ကျပါပြီ)။

ခင်ဗျားတို့က စိတ်ကူးရှည်သမားတွေကိုး၊ ကြံတယ် သိတယ်ဆိုလို့ရှိရင်လည်း နေစမ်းပါဦး စိတ်ကူးကောင်းတုန်း ရှိသေးတယ်၊ လူစိတ်ကူးမရှိဘူးဆိုရင်လည်း ခင်ဗျားတို့က

ကဲ့ရဲ့နေတဲ့လူတွေ (မှန်လှပါဘုရား)။

စိတ်ကူးရှည်မှ ခင်ဗျားတို့က ကျေနပ်တဲ့လူတွေ၊ ဒကာကြွယ်တို့များ စိတ်ကူးရှည်လိုက်တာ ဟောဒီသူနဲ့နေပြီး အထည်သည်တောင်ဖြစ်လာလိမ့်မယ်လို့တောင် ရှည်လိုက်သေးတယ်၊ မရှည်ဘူးလား (ရှည်ပါတယ်)။

ရှည်တယ်၊ ဘယ်အဆင်နဲ့ဘယ်အဆင်နဲ့၊ အသားဘယ်လိုဖြစ်လာလိမ့်ဆိုတဲ့ဥစ္စာတောင်မှ ရှည်လိုက်တဲ့ မြင်ရုံတင်နဲ့ ရပ်မှာ ဝေးလိုက်သေးတယ်။

ဈေးကျအောင် ဒီဥစ္စာဖြင့် ဘယ်ဈေးထားရင် လူကြိုက်မှာပဲဆိုပြီး ဒီကျအောင်ပဲ စိတ်ကူးရှည်တွက်ချလိုက်တယ် (မှန်လှပါဘုရား)။

အဲဒီစိတ်ကူးရှည်တဲ့ပုဂ္ဂိုလ်နဲ့တော့ မာလုကျပုတ္တဝတ္ထုနဲ့ ကိုက်ကိုမကိုက်ဘူး၊ ကိုက်ပဲ့မလား (မကိုက်ပါဘုရား)။

## မာလုကျပုတ္တရဟန္တာဖြစ်တယ်

ဒါဖြင့် ဒကာ ဒကာမတို့မြင်ပြီးရပ်တဲ့ မာလုကျပုတ္တဖြင့် ရဟန္တာဖြစ်တာအမှန်ပဲ၊ ရဟန္တာအသေအချာဖြစ်ပါတယ်၊ သူက သူက မြင်တယ် သိတယ်ဆိုရင် ရပ်ပစ်လိုက်တယ်။

ရပ်ပစ်လိုက်တော့ တဏှာဥပါဒါန်ကံက (မလာပါဘုရား) ကြားတယ်၊ သိတယ်ဆိုရင်ကော (ရပ်ပစ်လိုက်ပါ

တယ်) ရုပ်ပစ်လိုက်တော့ ကြားတာက ကောင်းတယ်ဆိုတာ လာသေးလား (မလာပါဘုရား)။

ကြားရတာမကောင်းဘူးဆိုတဲ့ ဒေါသတွေကော (မလာပါဘုရား) မာလုကျပုတ္တက တစ်ခါတည်း၊ သတိနဲ့ ပညာနဲ့ကိုအုပ်ပြီးသကာလ ရုပ်ရုပ်ပစ်လိုက်တယ်။

မြင်ရုံ သိရုံတင် ရုပ်ရမတဲ့၊ ကြားရုံ သိရုံတင် ရုပ်ရမ တဲ့ ဆိုပြီး ရုပ် ရုပ်ပစ်လိုက်တဲ့အတွက် သူ့မှာတော့ဖြင့် ကိလေသာတွေက ကုန်ကုန်သွားတယ် (မှန်လှပါဘုရား)။

## တဏှာချုပ်ငြိမ်းသွားတယ်

ရုပ်တဲ့သတိပညာကပါသွားတယ်၊ ရုပ်တဲ့သတိပညာ ကပါသွားတဲ့အတွက် သူ့မှာတော့ဖြင့် ကိလေသာချုပ်ငြိမ်း သွားတယ်။

ကိလေသာချုပ်ငြိမ်းတော့ ခုနကပြောခဲ့တဲ့ တဏှာ ချုပ်ငြိမ်းသွားတယ်၊ သဘောကျပလား (ကျပါပြီ) ကိလေသာ ချုပ်ငြိမ်းတော့ (တဏှာချုပ်ငြိမ်းပါတယ်)။

ဒီ ဒကာ ဒကာမတွေ ဒီတရားသာ ဟောရမယ်ဆိုလို့ ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့ဥစ္စာ၊ ရုပ်မရတဲ့အထဲ လဲဦးမလိုလိုဖြစ် နေတယ်၊ မဖြစ်ပေဘူးလား၊ ဖြစ်မှာလား (ဖြစ်မှာပါဘုရား) သေသေချာချာဖြစ်မယ်ဆိုတာ သေချာတယ် ဦးလှဘူးရ . . (မှန်လှပါဘုရား)။

ဂကဲ-ဒါဖြင့် ဒီလိုလုပ်ကြပေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မူလပဏ္ဏာသပါဠိတော်ကျတော့ ကွာတဲ့ ဒီလိုလုပ်ရင်ဖြစ်ပါသေးတယ်။

အာသဝေါတရားဆိုတာ အခုနလောဘစိတ်ဆိုတာ ကာမာသဝတွေကိုးဗျ၊ ကာမာသဝ ဘဝါသဝတွေနော်၊ အဝိဇ္ဇာသဝလည်းပါတာပဲ။ ဒိဋ္ဌိပြင် ဒိဋ္ဌာသဝလည်း ပါတာပဲ။ လောဘတစ်လုံးဖြစ်ရင် အကုန်ပါတာပဲ။

သဟဇာတအဖြစ်နဲ့ အကုန်ပါပြီးနေတယ်၊ သမ္ပယုတ္တဓမ္မအဖြစ်နဲ့ အကုန်ပါနေကြတယ်ဆိုတာ သိပြီးသားပေါ့ဗျာ။

## အာသဝကိုပွားသဖြင့်လည်းပယ်နိုင်တယ်

သိတော့ ဒီအာသဝတွေဟာကွာတဲ့ အာသဝကို ပွားသဖြင့်လည်း ပယ်နိုင်ပါတယ်။ ဘုရားက အဲဒီနေရာကျတော့ ဒီအာသဝတွေဟာ ပွားသဖြင့်လည်း ဘာဝေတဗ္ဗကိစ္စနှင့် ပွားသဖြင့်လည်း ပယ်နိုင်ပါတယ်။

ခုနကတော့ရပ်သဖြင့်ပယ်တာကိုး မာလုကျပုတ္တာတော့ (ရပ်သဖြင့် ပယ်ပါတယ်ဘုရား) ရပ်ပြီးတော့ ပယ်တယ်၊ မလာအောင်တားပစ်လိုက်တယ်။

ရပ်နိုင်တဲ့စွမ်းရည်သတ္တိ မသေးဘူးနော်၊ အေး-ရပ်နိုင်တဲ့စွမ်းရည်သတ္တိ မသေးတော့ ခင်ဗျားတို့က ဒီအတိုင်းသွားပြီး သကာလနေရမယ်ဆိုလို့ရှိရင် ခင်ဗျားတို့က အင်မတန်မှ

ကိလေသာရန်သူတွေ ထူပြောတဲ့ပုဂ္ဂိုလ်တွေဖြစ်နေတော့ ခုနက အပြေးသန်တဲ့ပုဂ္ဂိုလ်တွေလိုပဲ ရပ်မရ၊ ဆီးမရ၊ တားမရ အတော်များတယ်၊ မများဘူးလား (များပါတယ်)

## ရပ်နိုင်ရင်လည်း နိဗ္ဗာန်ရောက်တယ်

အဲဒီတော့ ရပ်နိုင်ရင်လည်း ရပ်ကြပါ။ နိဗ္ဗာန်ရောက်ပါတယ်၊ ရပ်နိုင်ရင် (ရပ်ကြပါ နိဗ္ဗာန်ရောက်ပါတယ်) နိဗ္ဗာန်ရောက်ပါတယ်ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် မြင်တယ် သိတယ် ရပ်လိုက်တော့ ကြားတယ် သိတယ် (ရပ်လိုက်ပါ) နံတယ် သိတယ် (ရပ်လိုက်ပါ) စားတယ်သိတယ် (ရပ်လိုက်ပါ) ရပ်လိုက်ပါတဲ့ ဝတ်တယ်၊ သိတယ်၊ ရပ်လိုက်ပါ။ ကြံတယ် သိတယ် (ရပ်လိုက်ပါ) ရပ်လိုက်တော့တဲ့ ဟိုဘက် လောဘ၊ ဒေါသ၊ မောဟ၊ မလာစေနဲ့။

## ဣန္ဒြေလုံခြုံလို့ အာသဝကုန်တယ်

သူကလည်း ဒကာ ဒကာမတို့တဲ့ ဘာ့ကြောင့်တုံးဆိုတော့ ဣန္ဒြိယသံဝရ ဣန္ဒြေလုံခြုံတာနဲ့ အာသဝကုန်သွားတယ် (မှန်လှပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)။ ဣန္ဒြေလုံခြုံတာနဲ့ (အာသဝကုန်သွားတာပါဘုရား)။

သို့သော်တဲ့ . . . စာမှာတော့ဖြင့် မာလုကျပုတ္တကို သွားကြည့်ရင် အခုဘုန်းကြီးပြောတဲ့အဓိပ္ပါယ်ပါမှာမဟုတ်ဘူး။

စင်စစ်တော့ ဣန္ဒြိယသံဝရ လုံတာနဲ့ ဒကာ ဒကာမတို့ အာသဝမလာတာ ရိပ်မိပလား (ရိပ်မိပါပြီ) ဣန္ဒြိယသံဝရ လုံခြုံတာနဲ့ အာသဝမလာတော့ ဒါအာသဝပယ်ပြီးသား ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒီအာသဝပယ်ပြီးသားဖြစ်လို့ရှိရင် အာသဝနိရောဓေါလည်း နိဗ္ဗာန်ပဲ (မှန်ပါ့ဘုရား)။

အာသဝဆိုတာ တဏှာပဲကိုးဗျာ၊ သူတို့ချုပ်သွားလည်း ဘာခေါ်ကြမလဲ (နိဗ္ဗာန်ပါဘုရား)။

အဲ မာလုကျပုတ္တမှာ ဒကာကြွယ်ရပ်တာနဲ့ရတယ်၊ ဣန္ဒြိယသံဝရ လုံခြုံတာနဲ့ပဲ ရသွားတယ် (မှန်လှပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)။

ကိုင်း-ဒီ ဒကာ ဒကာမတွေတော့ သူနဲ့မကိုက်ပါဘူး ဒို့အသွားနဲ့ ခင်ဗျားတို့တွေးကြပေတော့၊ ဒီတရားနဲ့ ဒို့နဲ့ကိုက်ပါ့မလား (မကိုက်ပါဘုရား) မကိုက်တဲ့အဓိပ္ပါယ်တွေကများမနေဘူးလား (များပါတယ်ဘုရား)။

ကိုယ်နဲ့ကိုက်ရင်လည်း လုပ်ကြပါဆိုတာ တိုက်တွန်းပါတယ်။

## မကိုက်သေးရင် နောက်တရားပေးမယ်

မကိုက်သေးလို့ရှိရင် နောက်တရားပေးမယ်၊ မကိုက်သေးလို့ရှိရင်လည်း နောက်တရားပေးမယ်တဲ့၊ နောက်တရားက ဘာတုံးဆိုတော့ မြင်တယ်၊ သိတယ်။

မြင်တာကိုလည်း သည်ကနေဖြစ်ပျက်ရှု သိတာလေးကိုလည်း (ဖြစ်ပျက်ရှုရမှာပါဘုရား) ဒီလိုရှုလိုက်တဲ့အခါကျတော့လည်း ဒီနေရာ အာသဝလာရမည့်နေရာ၊ တဏှာလာရမည့်နေရာ လာသေးရဲ့လား (မလာပါဘုရား)။

ဒါကတော့ ဘာဝေတဗ္ဗကိစ္စနဲ့ နိဗ္ဗာန်ရောက်တာ (မှန်လှပါဘုရား) ခုနကတော့ ဣန္ဒြိယသံဝရသီလ လုံခြုံတာနဲ့ နိဗ္ဗာန်ရောက်တာ၊ နိဗ္ဗာန်ရောက်ပုံချင်းတော့အတူတူပဲ (မှန်လှပါ) ဒကာကြွယ်ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါကို ဦးဘအုန်းတို့ နှစ်မျိုးထားဟောမှရတယ်နော် ဘာပြုလို့တုံးဆိုတော့ ပုဂ္ဂိုလ်စရိုက်က အမျိုးမျိုးကိုး (မှန်လှပါဘုရား)။

မာလုကျပုတ္တမြင်တယ်စပြီး၊ မြင်တယ် သိတယ်ဆိုရပ်နိုင်တာနဲ့ သူ အာသဝကုန်သွားလို့ နိဗ္ဗာန်ရောက်တာအမှန်ပဲ မရောက်ဘူးလား (ရောက်ပါတယ်)။

ခင်ဗျားတို့ကတော့ မြင်တယ် သိတယ် ဆိုလို့ရှိရင်ဖြင့် သိတာလေးကို သိလို့ကို ကျုပ်ကမကျေနပ်တာ လာချင်လာ

မှာ ဒေါသကလေး (မှန်ပါ့) သိလို့ ကျုပ်က ခင်မိတာဆိုတာ ကော . . . (လာမှာပါဘုရား)။

အဲ-ခင်ဗျားတို့ကလည်း ခင်တာရယ်၊ မကျေနပ်တာရယ်၊ ဒါတွေချည်းနောက်ကလိုက်နေတယ်၊ အဲတော့ ရပ်လို့ မရတာသေချာတယ်၊ ကာမာသဝတွေ လိုက်မနေဘူးလား (လိုက်နေပါတယ်ဘုရား)။

အဝိဇ္ဇာသဝတွေကကော (လိုက်နေပါတယ်) မကျေနပ်ဘူးဆိုကတည်းက အဝိဇ္ဇာကပါနေပြီ၊ အဝိဇ္ဇာဆိုတာ မောဟ၊ မောဟဆိုတာ အကုသိုလ်စိတ် (၁၂)ခု အကုန်ယှဉ်တယ်ဆိုကတည်းက ဒေါသနဲ့လည်း ယှဉ်နေပြီ (မှန်လှပါဘုရား)။

အဲတော့ အဝိဇ္ဇာသဝကလည်း လာမနေဘူးလား (လာပါတယ်ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ) ဒါဖြင့် ခင်ဗျားတို့ ဦးလှဘူးတို့ ဒကာကြွယ်တို့ ဒကာသစ်တို့ ဦးဘအုန်းတို့ ရပ်နိုင်ပါ့မလား မေးရင် ဘယ်နှယ်ဖြေကြမလဲ (မရပ်နိုင်ပါဘုရား)။

မရပ်နိုင်ဘူးဘုရား၊ တပည့်တော်တို့ ဒီဥစ္စာအတော်ခက်နေပြီ၊ ရပ်နိုင်တဲ့နေရာရှိတော့ရှိပါတယ်၊ ကိုယ့်ကမ္မဋ္ဌာန်းကျောင်းလေးနဲ့ ကိုယ်နေတဲ့အခါကျတော့ ဟိုပြူတင်းပေါက်တလေးကြည့်လိုက် မြင်တယ် သိတယ်။

## ဘာဝနာနဲ့အာသဝပယ်ချတယ်

အင်း-ဟိုဟာလေးကြည့်လိုက် မြင်တယ် သိတယ်၊ လမ်းသွားတဲ့အခါကျတော့ ခက်တယ် (မှန်ပါ့) အိမ်မှာသား တွေ သမီးတွေ ဆော့နေရင် . . . (ခက်ပါတယ်ဘုရား) ခက်တယ်၊ သားတွေသမီးတွေက အသုံးအဖြုန်းနေရာမကျ (ခက်ပါတယ်) ခက်တယ်ဆိုတဲ့အမိပ္ပါယ်တွေက အမျိုးမျိုး မလာပေဘူးလား (လာပါတယ်)။

အဲဒါကျတော့ ကိုးတဲ့ ဘာဝေတဗ္ဗနဲ့တား၊ ဘာဝနာနဲ့ အာသဝပယ်ချကွတဲ့၊ သဘောကျပလား (ကျပါတယ်) ဘာနဲ့ ပယ်ချ (ဘာဝနာနဲ့ အာသဝပယ်ချပါတယ်)။

## ပွားခြင်းကြောင့်လည်း နိဗ္ဗာန်ရောက်တဲ့တရား

ဒါဖြင့် ဒကာ ဒကာမတို့မြင်တဲ့စိတ်ပေါ်လည်း ဖြစ် ပျက်ရှု၊ သိတဲ့စိတ်ပေါ်ရင်ကော (ဖြစ်ပျက်ရှုရပါမယ်) အဲဒါ ဖြင့် အဲဒါမြင်တာ ရှုနိုင်လို့ရှိရင်ဖြင့် စကျွန်နေ္တရှုတာပဲ။

သိတာ၊ သိတာလေးရှုနိုင်လို့ရှိရင်လည်း သိတဲ့ ကာမာဝစရ ကုသိုလ်စိတ်ရှုတာပဲ၊ ရှုချင်တာရှုတဲ့မြင်တာက ဖြစ်ပျက်၊ ရှု တာက မဂ်၊ သူ့ဘာဝေတဗ္ဗကိစ္စကို (မှန်ပါ့ဘုရား)။

သိတာကဖြစ်ပျက် ရှုတာကမဂ်၊ မြင်တာက (ဖြစ်ပျက် ပါ) ရှုတာက (မဂ်ပါဘုရား) မြင်တော့ မျက်လုံး ကလေးကိုပဲ

ဖြစ်ပျက်ရှုပစ်လိုက်ပါ၊ သိတဲ့ဝမ်းထဲက စိတ် ကလေးကိုလည်း (ဖြစ်ပျက်ရှုပစ်ပါတယ်)။

ဖြစ်ပျက်ရှုပစ်လိုက်တော့ တဏှာလာသေးရဲ့လား (မလာပါ) ဒီကျတော့ ဒကာ ဒကာမတွေက ဘုန်းကြီးတို့ဆီမှာ ကိုးကွယ်ဆည်းကပ်ပြီး တရားနာနေတဲ့ပုဂ္ဂိုလ်ဟာ အရှုသမား တွေ၊ အရပ်သမားမဟုတ်ဘူး၊ သဘောကျပလား (ကျပါပြီ)။

## အရပ်သမားလား အရှုသမားလား

အရပ်သမားတွေလား အရှုသမားတွေလားမေးရင် (အရှုသမားတွေပါဘုရား) အရှုသမားတွေဖြစ်နေတော့ ကျုပ်တို့ ဝါသနာနဲ့ ကျုပ်တို့ ဩဘ် မာလုကျပုတ္တနိဗ္ဗာန် ရောက်တာလည်း တစ်မျိုးပဲ (မှန်လှပါဘုရား)။

အင်း-အာသဝမလာရင် တဏှာမလာပဲကိုး၊ အဲဒါ တွေက မလာတာသာပမာန၊ ရှုလို့ရပ်ရပ် သဘောကျပလား (ကျပါပြီ) ရပ်နိုင်လို့ရပ်ရပ်၊ ရှုလို့ပဲ အာသဝေါရပ်ရပ်ပေါ့ဗျာ ရပ်နိုင်တဲ့သတ္တိရှိလို့ပဲရပ်ရပ် အာသဝမလာရင် နိဗ္ဗာန်ရောက် တာပဲ။

## အာသဝမလာရင် နိဗ္ဗာန်ရောက်တာပဲ

ဘယ်လိုဆိုကြပဲ့၊ (အာသဝမလာရင်နိဗ္ဗာန်ရောက်ပါတယ်) ဒါဖြင့် မာလုကျပုတ္တရောက်ပြောသော်လည်း တပည့်တော်တို့ လူစုရောက်ပုံ မရဘူး၊ ဒကာကြွယ်ဆိုရတော့မယ် (မှန်လှပါဘုရား) အားလုံးတရားတစ်ပွဲလုံး ကျေနပ်ကဲ့လား (ကျေနပ်ပါတယ်)။

ကြိုက်တာတော့လုပ်ပေါ့ဗျာ၊ ဒါ ရပ်လို့ရတယ်ဆိုလို့ ရှိရင်လည်း တပည့်တော်က ဒီကမ္မဋ္ဌာန်းနှင့်လျှော်တယ်၊ ဆိုရင်ရပ်သာရပ်နေကြ၊ မြင်တယ် သိတယ် ကြားလည်း သိတယ် တော်ပြီ ရပ်လိုက်တာကိုး။

မှားတယ်လို့တော့ သွားမဆိုနဲ့ မှားတယ်လို့တော့ သွားမဆိုနဲ့ ဘုရားဟော (မှန်ပ့ါ) သူကိုယ်တိုင်လည်း ရဟန္တာဖြစ်တယ် မာလုကျပုတ္တ သဘောကျပလား (ကျပါပြီ)။

ဘာပြုလို့လည်း ရပ်မယ်ဆိုတဲ့သတိက သူ့မှာပါပြီးသား ဒီနေရာကျလို့ရှိရင် ရပ်မယ်ဆိုတဲ့ပညာကရော (ပါပြီးသားပါဘုရား) အဲ သတိပညာကပါနေတော့ အားကလည်း စိုက်ထားတော့ မဂ္ဂင်ကပါပြီးသားဖြစ်နေတယ် သဘောကျပလား (ကျပါပြီ)။

## ဣန္ဒြိယဘာဝနာနှင့် ဗောဇ္ဈင်မဂ္ဂင်ဘာဝနာ

မဂ္ဂင်ကပါပြီးသားဖြစ်နေတော့ သူလည်း မဂ္ဂင် အလုပ်လုပ်တာပဲ၊ ကျုပ်တို့ရှုတာလည်း ဘာတုံး (မဂ္ဂင်အလုပ် လုပ်တာပါဘုရား) ကျုပ်တို့ဖြစ်ပျက်ရှုတာလည်း မဂ္ဂင်အလုပ် လုပ်တာပဲ (မှန်ပါ့)။

ဒါဖြင့် သူကဘာတုံး ဣန္ဒြိယဘာဝနာ သဘောကျ ပလား (ကျပါပြီ) သူကဣန္ဒြိယဘာဝနာ၊ ကျုပ်တို့သည်ကား လို့ ဆိုရင် ဗောဇ္ဈင်မဂ္ဂင်ဘာဝနာ ဒါထူးခြားပါတယ် (မှန်လှ ပါဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ကို ဘယ်လိုဟောရမှာ တုံးဆိုလို့ရှိရင် မြင်တယ်၊ သိတယ်၊ နှစ်ချက်လာလို့ရှိရင် "မြင်" ရှုနိုင်ရှု မရှုနိုင်လို့ရှိရင် "သိ" ကို (ရှုရမှာပါဘုရား)။

## မြင်တယ်၊ သိတယ်၊ ဖြစ်ပျက်ရှု

'မြင်' ရှုရင် မျက်လုံးထဲရှုပါနော်၊ မျက်လုံးထဲမြင်စိတ် ကလေး ဖြစ်ပျက်ရှုပါ။

'သိ' တာလေးဖြစ်ပျက်ရှုပါ၊ ကျုပ်ဟာ ဩော် ဘယ်သူ ရယ်လို့ သိပါတယ်ဆိုလို့ရှိရင် သိတဲ့စိတ်ကလေးဟာ ဝမ်းထဲ ပေါ်တယ် အဲဒီဝမ်းထဲပေါ်တဲ့စိတ် ဘာလုပ်ရမယ် (ဖြစ်ပျက် ရှုရပါမယ်)။

အဲဒီနှစ်ချက် တစ်ချက်ချက်မိလို့ရှိရင် ကျုပ်တို့က လည်းတဲ့ ခုနက တဏှာ ဥပါဒါန်ကံဆိုတဲ့ အာသဝတွေကို ကျုပ်တို့က ဘာဝနာနဲ့ ပယ်ချတာ (မှန်လှပါဘုရား) သဘော ကျပလား (ကျပါပြီ)။

## မာလုကျပုတ္တက ဣန္ဒြေလုံခြုံတာနဲ့ပယ်ချတယ်

ဟိုက ဣန္ဒြိယနဲ့ပယ်ချလိုက်တယ်၊ ဣန္ဒြေလုံခြုံတာနဲ့ ပယ်ချလိုက်တယ်၊ ဒီက ဘာဝနာနဲ့ ပယ်ချတယ်၊ နှစ်ခုစလုံး မှန်တယ်လို့ဆုံးဖြတ်ချက်ချ (မှန်လှပါဘုရား) သဘော ကျပလား (ကျပါပြီ) ဘယ်လိုပါလိမ့် (နှစ်ခုစလုံး မှန်ပါတယ် ဘုရား)။

အင်း-သူလည်း သတိထားတာပဲ၊ သတိထားတော့ ဝီရိယကော (ထားပါတယ်) ဝီရိယလည်းထားတာပဲ၊ ပညာကျလို့ရှိရင်ဖြင့် ငါသည် မရပ် မရှိရဘူးဆိုတဲ့သဘောကော (ထားပါတယ်ဘုရား) သူလည်းအာသဝတားမြစ်တာပဲ ရှင်းပလား (ရှင်းပါပြီ)။

## နှစ်မျိုးစလုံးနိဗ္ဗာန်ရောက်တယ်

ဒီကရှုတဲ့ပုဂ္ဂိုလ်ကကော (အာသဝတားမြစ်ပါတယ်) ဒါဖြင့် အာသဝေါတရားကုန်ရင် နိဗ္ဗာန်ရောက်တယ်၊

အာသဝေါတရားကုန်ရင် (နိဗ္ဗာန်ရောက်ပါတယ်) နိဗ္ဗာန်ရောက်တာချည်းပဲဆိုတာ ရှင်းကြပလား (ရှင်းပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့မြင်တဲ့စိတ်ကို ဘာလုပ်မယ်၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) အင်း-သိတဲ့စိတ်ကို (ဖြစ်ပျက်ရှု) အဲဒါကြောင့် စက္ခုဝိညာဏ် အနိစ္စံ ရှုလည်းရတယ်၊ မနောဝိညာဏ်အနိစ္စံ ရှုလည်းရတယ် သဘောပါကြပလား (ပါပါပြီဘုရား)။

ကဲ-ကြားတယ်၊ သိတယ်ဆိုရင်ဖြင့် ကြားတဲ့စိတ်ကိုကော (ဖြစ်ပျက်ရှုရပါမယ်) သိတဲ့စိတ်ကော (ဖြစ်ပျက်ရှုရပါမယ်)။

အဲဒါရှုနိုင်မှ ရမှာ၊ ဒါတောင် ဘုန်းကြီးတို့ ဒကာဒကာမတွေ ကြားတာ သိပြီး အတော်ကြာနေမှ ရှုဖြစ်တာကပါသေးတယ်၊ ဒီရပ်ရမှာ ဝေးလို့ အတော်လေးမျှောသွားသေးတယ်ဗျာ၊ မနည်းပြန်ဆယ်ရတယ်။

## ကိလေသာကြားခိုရင်၊ မင်္ဂရနေ့တယ်

မနည်းပြန်ဆယ်ရတဲ့နောက် ကြားထဲ ကိလေသာကြားခိုတယ်၊ ကိလေသာကြားခိုသွားတယ်။ ကိလေသာကြားခိုတော့ ခင်ဗျားတို့မဂ်ရနေ့တယ်၊ သဘောပါကြပလား (ပါပါပြီ)။

ကိလေသာကြားခိုရင် (မဂ်ရနေ့းပါတယ်ဘုရား) ကျုပ် ဂရုတော့စိုက်တာပဲ ဖြုန်းခနဲဆိုရင် မရှုဖြစ်ဘူး၊ ဖြုန်းခနဲမရှုဖြစ်ဘူးဆိုတော့ ဒီကြားထဲ တစ်ခုခုကတော့ ဝင်ရတော့မယ် (ဝင်ပါတယ်ဘုရား)။

ဝင်တာ၊ ဘယ်သူဝင်တာများသလဲဆိုတော့ မသိတဲ့ အဝိဇ္ဇာဝင်တာများတယ်၊ အဝိဇ္ဇာဇော (၇)ကြိမ်ဝင်သွားတယ်၊ မဝင်ဘူးလား (ဝင်ပါတယ်)။

အဲ အဝိဇ္ဇာဇော (၇)ကြိမ်ဝင်သွားတော့ မြင်တယ်၊ သိတယ် မရှုဖြစ်ဘူး နောက်မှ ရှုဦးမှပါပဲဆိုပြီး မြင်တာ သိတာလေးရှုလိုက်တယ်၊ အင်း-ကြားထဲ အဝိဇ္ဇာဇော (၇)ကြိမ်က ဝင်သွားရော ဒါဖြင့် ကိလေသာကြား ခြားသွားတယ်။

ဘယ့်နှယ်ဆိုကြမယ် (ကိလေသာကြားခြားသွားပါတယ်) ကိလေသာကြား ခြားသွားလို့ရှိရင်ဖြင့် အရဲနေ့းလိမ့်မကွတဲ့ ကိလေသာကြားခြားရင် (အရနေ့းမှာပါဘုရား)။

## ကိလေသာမရောရင် (၇)ရက်နှင့်ရနိုင်တယ်

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော်မှာ (သသတံ သမိတံ အဗ္ဗောကိဏ္ဏံ စေတသာ အဓိမုစ္စမာနော ပညာယ)ဟောတယ်၊ ကိလေသာမရောပဲနဲ့ မပြတ်ရှုလိုက်လို့ ရှိရင်ကွာတဲ့ (၇)ရက် (၇)လ (၇)နှစ်ဆို ရပါတယ်။

မြန်ရင် (၇) ရက်ပါပဲ မသေချာဘူးလား (သေချာပါ

တယ်) သို့သော် အခု ဒကာ ဒကာမတွေ ဘယ်နှယ်ကြောင့် မရပါလိမ့်ဆိုပြီး စိတ်တော့မပျက်လိုက်နဲ့ (မှန်လှပါဘုရား)။

## နိဗ္ဗာန်ဘာ့ကြောင့်မတွေ့သေးပါလိမ့်

တပည့်တော်ဘုရား၊ ဖြစ်ပျက်တွေမြင်ပါလျက်နဲ့ နိဗ္ဗာန်ကိုဘုရားမတွေ့သေးဘူး၊ ဟ- ဒကာ ဒကာမတွေ မတွေ့တာသူများအပြစ်လို့ အောက်မေ့မနေနဲ့ နိဗ္ဗာန်မရှိလို့ မတွေ့တာမဟုတ်ဘူး၊ ကိလေသာကြားခြားနေလို့၊ ဘယ်လို မှတ်ကြမယ် (ကိလေသာကြားခြားနေလို့ပါဘုရား)။

ကိလေသာကြားခြားနေလို့ မရလိုက်တာကို ဒကာသစ်တို့က ကံမကောင်း အကြောင်းမသင့်လို့လည်း မယူနဲ့ ရှင်းပလား (ရှင်းပါပြီ)။

ဒီဘဝကျွတ်မှ ကျွတ်ထိုက်ပါရဲ့လားလို့ ပါရမီများ ကညွှံရော့လားလို့ ဒီဘက်ကိုဆင်ခြေမသွားနဲ့ သဘောကျ ပလား (ကျပါပြီ) ဘာဖြစ်နေတာလဲ (ဒီဘဝကျွတ်မှ ကျွတ် ထိုက်ပါ့မလားလို့)။

ကိလေသာကြားခြားတာကိုကြာတော့ ဒီတစ်ခါ ကိလေသာကြားခြားမှန်းသိတော့ကိုး၊ နောက်တစ်ခါဖြင့် ဝီရိယ ပိုထားလိုက်။

ဝီရိယ ပိုလိုက်ပါ တဲ့

ဝီရိယ ပိုထားလိုက်တော့ ဒကာသစ်ရေ. . . နောက် တစ်ခါကျတော့ မြင်တဲ့ စိတ်ကလေးကော မိချင်မိသွားမယ်၊ သိတဲ့စိတ်ကလေးကော (မိမှာပါဘုရား) ကြံတဲ့စိတ်ကလေး ကော (မိမှာပါဘုရား) သိတဲ့စိတ်ကလေးကော (မိမှာပါ ဘုရား)။

အဲဒီလိုမိသွားတဲ့အခါကျတော့ ကြာတော့ ဦးဘ အုန်းစိပ်မလာဘူးလား (လာပါတယ်ဘုရား) စိပ်လာတဲ့အခါ ကျတော့ကိုဖြစ်ပျက်ကလည်းစိပ်၊ မဂ်ကလည်းစိပ်၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကြားထဲမှာ ကိလေသာ မခြားရင် (၇) ရက်အတွင်း ရမယ်။

ဖြစ်ပျက်နဲ့ မဂ်နဲ့ကြားထဲမှာ (ကိလေသာမခြားရင် (၇) ရက်အတွင်းရပါမယ်ဘုရား) ကိလေသာမခြားရင် လောကုတ္တ ရာ မဂ် (၇) ရက်အတွင်းဖြစ်မယ်၊ ဖြစ်ပျက်နဲ့ လောကီမဂ် အတွင်းမှာ ကိလေသာမခြားရင် (လောကုတ္တရာမဂ် (၇) ရက် အတွင်းဖြစ်မှာပါဘုရား)။

(၇) ရက်နဲ့ လောကုတ္တရာမဂ်ရမယ်ဆိုတာ သေချာ ပလား (သေချာပါပြီ) အဲဒါ သေသေချာချာ ဟောပါတယ်။

သေသေချာချာ ဘုရားဟောတော်မူလို့ ဘုန်းကြီးတို့ က ရဲဝံ့စွာ ဟောတာပါ။ (ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ)။

ဒီအတိုင်းသာ သွားကြည့်စမ်းပါ (၇) ရက်အတွင်း ရပါတယ် ဒါဖြင့် တပည့်တော်တို့ ဘုရား၊ ကြာလည်းကြာပြီ၊ ဆရာဘုန်းကြီးနဲ့ တွေ့နေတာ၊ အခုလည်း လုပ်ရက်ပါပဲ ဘုရား။

ဘယ်နှယ်ကြောင့် ဘာများဖြစ်နေသတုံးဆိုတာ မေးဖို့ လိုသေးသလား (မလိုပါဘူး) မလိုလို့ရှိရင် ကိုယ့်ဟာကိုယ် ဖော်ရုံရှိတော့တယ်၊ ဘယ်နှယ် ဖော်ကြမယ်. . . (ကိလေသာကြားခိုနေလို့ပါဘုရား)။

## ပါရမီကြောင့်လား၊ ဝီရိယကြဲလို့လား

ကိလေသာကြားထိုးနေတယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းပလား (ရှင်းပါပြီဘုရား) အေးလေ ဒါကြောင့် ပါရမီကို မချပါနဲ့ဆိုတာဖြင့် ဒကာသစ်မှာလိုက်တယ်။ ပါရမီမချပါ နဲ့တဲ့ ပါရမီချမယ်ဆိုလို့ရှိရင် ဒီဖြစ်ပျက်ကို မတွေ့ပါဘူး သဘောကျ ပလား (ကျပါပြီ)။

ပါရမီချရမှာလား ကိုယ့်ဝီရိယက ကြဲနေသေးတာ လား (ကိုယ့်ဝီရိယက ကြဲနေလို့ပါဘုရား) ကဲဒါဖြင့် ဝီရိယ စိပ်စိပ်၊ စိပ်စိပ်ပြီး သကာလ ပေးလိုက်စမ်းပါ။

ဝီရိယ စိပ်စိပ်၊ စိပ်စိပ်ပြီးသကာလ ပေးလိုက်တဲ့ အခါ ကျတော့ဖြင့် ကိလေသာကြားထိုးနိုင်သေးရဲ့လား (မထိုးနိုင် ပါဘုရား)။

## ညနေအားထုတ်၊ မနက်ရပါတယ်

မထိုးနိုင်တော့ အဘယရာဇ ကုမာရ မင်းသားတို့ သုတ်တွေ ထောက်ကြည့်လိုက်တော့ အို. . . ဒီလိုသာ မင်း ရှုသွားမယ်ဆိုကွာ ဆရာကောင်းနဲ့လည်း ကြုံမယ်ဆိုလို့ရှိရင် ညနေအားထုတ်မနက်တောင်ရပါတယ်လို့ ဘုရားက ပြောလိုက်သေးတယ်၊ သဘောပါပလား (ပါပါပြီ)။

ဒါဖြင့် မင်ရမည့်နည်းဟာဖြင့် ဒကာဒကာမတို့ ကိလေသာကြား မခိုဖို့ဟာ တော်တော်အရေးကြီးပါလား၊ ဘာ အရေးကြီးပါလိမ့် (ကိလေသာကြား မခိုဖို့ပါ)။

ဒါဖြင့် ဒကာဒကာမတို့ မြင်တာကိုလည်း ဖြစ်ပျက်ရှု၊ သိကာကော (ဖြစ်ပျက်ရှုရမှာပါဘုရား) တစ်ချက်ချက်မိပါ စေနော်၊ တစ်ချက်ချက်မိရင် ကိလေသာကြား မခိုနိုင်တော့ ဘူး၊ ကြားတာကို ရှုနိုင်ရှု၊ သိတာကိုကော (ရှုနိုင်ရှုပါဘုရား)

အင်း ကြားတာက ကြားတယ်၊ ကြားတဲ့စိတ်ရှု၊ သိတာက ငှက်သံပဲ၊ ခွေးသံပဲလို့ သိချင်သိနေမယ်၊ သိတဲ့ စိတ် ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရမှာပါ) နံတာကိုကော (ဖြစ်ပျက်ရှုရမှာပါ) မွှေးတယ် ကြိုင်တယ်ဆိုတဲ့ သိတဲ့စိတ် ကော (ဖြစ်ပျက်ရှုရမှာပါ)။

အဲ-ဖြစ်ပျက်ရှုပြီး စားတာလည်း စားတဲ့စိတ်ကလေး ကိုသော်လည်းကောင်း (ဖြစ်ပျက်ရှုရမှာပါ) အင်း-ချိုတယ် ချဉ်တယ် ဖြစ်တဲ့စိတ်ကလေး (ဖြစ်ပျက်ရှုရမယ်)။

အကုန်ရှုပါတဲ့ ဒွါရ ခြောက်ပေါက်မှာ ဒကာဒကာမတို့ အကုန်ရှုလိုက်ပြီဆိုမှဖြင့် အင်း. . . ဘာဝနာ ကိစ္စနဲ့ ကျုပ်တို့က နိဗ္ဗာန်သွားတာ။

ဒီမာလုကျပုတ္တကတဲ့သတိကို ထိမ်းပြီးသကာလ၊ အာသဝပယ်သွားတယ်၊ သဘောကျပလား (ကျပါပြီ)။

ကျုပ်တို့က ဘာဝနာကိစ္စနဲ့ အာသဝပယ်တယ် သူက က္လန္ဒြိယသံဝရနဲ့ ကိစ္စနဲ့ ပယ်သွားတယ်၊ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ဒါဖြင့်-ဒကာဒကာမတို့ သူ့နည်းနဲ့သူ ရောက်တာကိုလည်း အပြစ်မဆိုနဲ့၊ ကိုယ့်နည်းနှင့် ကိုယ်ရောက်တာကို အဓိကထား ပေါ်ကြပလား (ပေါ်ပါပြီ)။

## ကိုယ့်နည်းက ဖြစ်ပျက်ရှုတဲ့ဂိုဏ်း

ဒါဖြင့် ကိုယ့်နည်းကဖြစ်ပျက်ရှုတဲ့ဂိုဏ်း၊ ဖြစ်ပျက်ဆိုတာလည်း ဒကာသစ် အထူးရှာရမှာလား နဂိုရှိလား (နဂိုရှိပါဘုရား)။

မြင်တဲ့စိတ်ကလေးလည်းမြင်ပြီး ပျက်တာပဲ၊ စားတဲ့စိတ်ကလေးဟာကော (စားပြီးပျက်ပါတယ်) စားပြီး ပျက်တာကို နောက်ကနေပြီး ခင်ဗျားတို့က ပျက်ပြီ၊ ပျက်ပြီလို့သာ သိလိုက်နေပါ။

ကြာတော့ ဒီအပျက်တွေဟာ ကိုယ့်အသေတွေ ဖြစ်လို့၊ ကိုယ့်အသေတွေဖြစ်လို့အပျက်တွေ မုန်းပါလိမ့်မယ်၊

ကိုယ့်အသေတွေ အပျက်တွေ မုန်းလို့ ကိုယ့်ခန္ဓာကြီး သူလိုချင်ပါဦးမလား (မလိုချင်ပါဘုရား) မလိုချင် မရတော့ ခန္ဓာဇာတ်သိမ်းတာပဲ၊ မလိုချင်တော့မရဘူး၊

ဒါဖြင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ မလိုချင်တာက လိုချင်တာချုပ်သွားတာက လိုချင်သမုဒယ ချုပ်သွားတာက သမုဒယသေတာ၊ သူသေခြင်းကြောင့် နောက်ခန္ဓာမပေါ်တာက နိရောဓသစ္စာ၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

**ကိုင်း ယနေ့ ဒီတွင် တော်ကြစို့**

**သာဓု. . . သာဓု. . . သာဓု။**